# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
# ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

ဒေါက်တာစုဝါထွေး
ဒုတိယညွှန်ကြားရေးမှူး
ဝန်ထမ်းရေးရာဌာနခွဲ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
# ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | နိုင်ငံ၏ပထဝီဆိုင်ရာအချက်အလက်နှင့် နိုင်ငံ့သမိုင်းအကျဉ်း | ၂ |
| ၂။ | နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းအကျဉ်း | ၄ |
| | ၂-၁။ ၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများ | ၄ |
| | ၂-၂။ Doctrine of Nineteen Articles | ၅ |
| | ၂-၃။ ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ | ၅ |
| | ၂-၄။ ၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက် | ၆ |
| | ၂-၅။ ၁၉၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၇ |
| | ၂-၆။ ၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ | ၇ |
| | ၂-၇။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၈ |
| | ၂-၈။ ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၈ |
| | ၂-၉။ ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၉ |
| | ၂-၁၀။ ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၉ |
| ၃။ | ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၁၀ |
| | ၃-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း | ၁၀ |
| | ၃-၂။ အခြေခံမူများ | ၁၁ |
| | ၃-၃။ ဥပဒေပြုရေး | ၁၁ |
| | ၃-၄။ အုပ်ချုပ်ရေး | ၁၈ |
| | ၃-၅။ ကြီးကြပ်ရေးကော်မရှင်များ | ၂၈ |
| | ၃-၆။ တရားစီရင်ရေး | ၂၈ |
| | ၃-၇။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များ | ၂၉ |
| | ၃-၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များ | ၃၂ |
| ၄။ | သုံးသပ်ချက် | ၃၄ |

နိဂုံး ၃၉
ကျမ်းကိုးစာရင်း

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
# ဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

## နိဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အနုပညာနှင့် လက်မှုပညာတို့သည် ရှည်လျားသောသမိုင်းကြောင်း ရှိခဲ့သည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက တရုတ်လူမျိုးများသည် ပိုးထည်၊ ကျောက်စိမ်း၊ ကြေး၊ သစ်သားနှင့် စက္ကူတို့ကို ရှေးဦးစွာ အသုံးပြုခဲ့ကြသူများဖြစ်သည်။ လက်ရေးလှ ဟုခေါ်သော အနုပညာ ဆိုင်ရာ အရေးအသားကို တရုတ်နိုင်ငံတွင် စတင်တီထွင်ခဲ့သည်။[1]

တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုန်းသည် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်တည်ထောင်ခဲ့သည်။ ထိုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ခြင်းသည် ၁၉၁၁ ခုနှစ်၊ တရုတ်တော်လှန်ရေးမှ အစပြုခဲ့သော ကာလကြာရှည်စွာ ဖြစ်ပေါ် နေသည့် ဆူပူအုံကြွမှုကို အဆုံးသတ်စေခဲ့သည်။[2] တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးစတင်ခဲ့သည်။[3]

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ ထိပ်သီးစက်မှု နိုင်ငံ ၂၀ (G 20)၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC)၊ ဒေသဆိုင်ရာ ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (RCEP) စသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း အဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကပါဝင်သည့် ကဏ္ဍများနှင့် စက်မှုလုပ်ငန်းများမှာ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် နည်းပညာ တို့ဖြစ်သည်။[4] တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ် ရှိ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး (GDP) မှာ ၁၈,၃၂၁,၁၉၇ ဒေါ်လာ ဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေးအင်အားကြီးဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။[5]

---

[1] https://kids.nationalgeographic.com/geography/countries/article/china

[2] https://history.state.gov/milestones/1945-1952/chinese-rev

[3] https://mifer.gov.mm/mm/bilateral/details/myanmar-china-bilateral-cooperation

[4] https://www.investopedia.com/articles/investing/091515/3-industries-driving-chinas-economy.asp

[5] https://cleartax.in/s/world-gdp-ranking-list

## ၁။ နိုင်ငံ၏ပထဝီဆိုင်ရာအချက်အလက်နှင့် နိုင်ငံ့သမိုင်းအကျဉ်းချုပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှတိုက်၏အရှေ့ဘက်တွင် တည်ရှိပြီး အာရှတိုက်တွင် ဧရိယာအကြီးဆုံးနိုင်ငံဖြစ်သည်။ ၂၀၂၄ ခုနှစ် စာရင်းအရ တရုတ်နိုင်ငံ၏ ဧရိယာသည် ၉.၇ သန်း စတုရန်းကီလိုမီတာ ကျယ်ဝန်းသဖြင့် အာရှတိုက်တွင် ဧရိယာအကြီးဆုံးနိုင်ငံ ဖြစ်သည့်အပြင် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးနိုင်ငံဖြစ်သည်။[6] တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံများမှာ မြောက်ဘက်တွင် မွန်ဂိုလီးယားနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ရုရှား နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံ၊ တောင်ဘက်တွင် ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ အိန္ဒိယ နိုင်ငံ၊ ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံ၊ အနောက်တောင်ဘက်တွင် ပါကစ္စတန်နိုင်ငံ၊ အနောက်ဘက်တွင် အာဖဂန်နစ္စတန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံ တို့ဖြစ်သည်။ တရုတ်နိုင်ငံ နှင့် မြန်မာနိုင်ငံတို့၏ နယ်နိမိတ်ချင်းထိစပ်နေသည့် စုစုပေါင်းအလျား ၁၃၇၀ မိုင် (၂၂၀၄ ကီလိုမီတာ) ရှိသည်။[7]




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏တည်နေရာပြမြေပုံ**

---

[6] https://worldpopulationreview.com/country-rankings/largest-countries-in-asia

[7] http://www.myanmar-embassy-tokyo.net/about.htm

တရုတ်နိုင်ငံကို ပြည်နယ် ၂၂ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ ဗဟိုအစိုးရက တိုက်ရိုက် အုပ်ချုပ်သည့် ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၄ ခု နှင့် အထူးအုပ်ချုပ်ခွင့်ရဒေသ ၂ ခု တို့ဖြင့် ဖွဲ့စည်းထားသည်။ တရုတ်နိုင်ငံ၏မြို့တော်သည် ပေကျင်းမြို့ဖြစ်သည်။ ပေကျင်းမြို့သည် နိုင်ငံ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ဆက်သွယ်ရေး အချက်အချာကျသည့်မြို့လည်းဖြစ်သည်။[8] တရုတ်နိုင်ငံတွင် လူမျိုးစု ပေါင်း ၅၆ စု နေထိုင်လျက်ရှိပြီး ဟန်လူမျိုးသည် လူဦးရေအများဆုံးဖြစ်သည်။[9] တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယလူဦးရေအများဆုံး နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ် တွင်ရှိသည့် တရုတ်နိုင်ငံ၏ လူဦးရေသည် ၁၄၂ ဘီလီယံကျော် ဖြစ်သည်။[10]

တရုတ်နိုင်ငံသည် ထူးခြားသောယဉ်ကျေးမှု၊ ရိုးရာဓလေ့များနှင့် ရှေးခေတ်ယဉ်ကျေးမှုများရှိသော နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ၏သမိုင်းကြောင်းကို အင်ပါယာမတိုင်မီခေတ်၊ အင်ပါယာခေတ်နှင့် ခေတ်သစ်တရုတ်နိုင်ငံ ဟူ၍ ကာလအားဖြင့်သုံးပိုင်းခွဲခြားနိုင်သည်။[11] တရုတ်နိုင်ငံ၏ အင်ပါယာမတိုင်မီ ခေတ်ကာလသည် ဘီစီ ၁၆၀၀ မှ ဘီစီ ၂၂၁ ထိ ကြာမြင့်ခဲ့ပြီး ရှမင်းဆက်၊ ရှန်မင်းဆက်နှင့် ကျိုမင်းဆက် တို့အုပ်ချုပ်ခဲ့သည်။ အင်ပါယာခေတ်သည် ဘီစီ ၂၂၁ မှစတင်ခဲ့ပြီး ချင်မင်းဆက်သည် အင်ပါခေတ်၏ ပထမဆုံးမင်းဆက် ဖြစ်သည်။ အင်ပါယာခေတ်တွင် ချင်မင်းဆက်အပါအဝင် မင်းဆက် ကိုးဆက်ရှိခဲ့ပြီး နောက်ဆုံးမင်းဆက်မှာ ချင်းမင်းဆက်ဖြစ်သည်။ ဒေါက်တာဆွန်ယက်ဆင် ဦးဆောင်သော ၁၉၁၁ ခုနှစ် ရှန်ဟိုင်းတော်လှန်ရေးသည် ချင်းမင်းဆက်ကို အဆုံးသတ်စေခဲ့ပြီး တရုတ်သမ္မတ နိုင်ငံ (The Republic of China) အဖြစ် အသွင်ကူးပြောင်းတည်ထောင်ခဲ့သည်။ ၁၉၁၂ ခုနှစ် ဇန်နဝါရီလ တွင် ဒေါက်တာဆွန်ယက်ဆင်အား ယာယီသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ၁၉၁၂ ခုနှစ် ဧပြီလတွင် ဒေါက်တာဆွန်ယက်ဆင်သည် ယာယီသမ္မတအဖြစ်မှ နုတ်ထွက်ခဲ့ပြီး တရုတ်နိုင်ငံ၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် ချင်းမင်းဆက်မှ ဝန်ကြီး ယွမ်ရှီကိုင်းကို ယာယီသမ္မတအဖြစ် တင်မြှောက် ခဲ့သည်။ ဒေါက်တာဆွန်ယက်ဆင် ကွယ်လွန်ပြီးနောက် ချန်ကေရှိတ်သည် ကူမင်တန်ပါတီခေါင်းဆောင် ဖြစ်လာခဲ့သည်။[12]

၁၉၂၁ ခုနှစ် တွင် မော်စီတုန်း ဦးဆောင်သောအဖွဲ့က တရုတ်ကွန်မြူနစ်ပါတီကို တည်ထောင် ခဲ့သည်။ ကွန်မြူနစ်ပါတီနှင့် ကူမင်တန်ပါတီ တို့အကြား သဘောထားအယူအဆ မတူညီမှုများကြောင့်

---

[8] https://www.britannica.com/place/China

[9] https://en.wikipedia.org/wiki/List_of_ethnic_groups_in_China

[10] https://www.worldometers.info/world-population/population-by-country/

[11] https://www.advantour.com/china/history.htm

[12] https://www.chinahighlights.com/travelguide/culture/china-history.htm

၁၉၄၉ ခုနှစ်အထိ ပြည်တွင်းစစ်နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် မော်စီတုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ကြောင်း ကြေညာခဲ့ပြီး ကွန်မြူနစ်ပါတီနှင့် ကူမင်တန်ပါတီ တို့အကြားဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့သည်။[13]

## ၂။ နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းအကျဉ်း

တရုတ်နိုင်ငံတွင် ယနေ့ကျင့်သုံးလျက်ရှိသည့် ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မတိုင်မီ ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများ

(ခ) Doctrine of Nineteen Articles

(ဂ) ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ

(ဃ) ၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်

(င) ၁၉၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

(စ) ၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ

(ဆ) ၁၉၄၆ ခုနှစ်  ဖွဲ့စည်းပုံအခြေခံဥပဒေ

(ဇ) ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

(ဈ) ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

(ည) ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

### ၂-၁။ ၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းခံဘုရင်စနစ်ကို တည်ထောင်ရန် ချင်းမင်းဆက်၏ ကြိုးပမ်းမှုတစ်ခုဖြစ်သည့် ၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများ (The Principles of the Constitution of 1908) ကို ၁၉၀၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းခံဘုရင်စနစ်ကို တည်ထောင်ခဲ့သည်။ ထိုအခြေခံမူများသည် ဂျပန်မယ်ကျိ

[13] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ- ၁၄-၁၅

ဖွဲ့စည်းပုံအခြေခံဥပဒေ(Japanese Meiji Constituion) ကို စံနမူနာပြု၍ ရေးဆွဲခဲ့ခြင်းဖြစ်သော်လည်း တရုတ်နိုင်ငံ၏သမိုင်းတွင် ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာရွက်စာတမ်းဖြစ်သည်။[14] ၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများတွင် အပိုဒ်ပေါင်း ၂၃ ပိုဒ် ပြဋ္ဌာန်းထားသည်။[15]

၁၉၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများသည် ၁၉၁၁ ခုနှစ် ရှန်ဟိုင်းတော်လှန်ရေး တိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။[16]

## ၂-၂။ Doctrine of Nineteen Articles

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် "Doctrine of Nineteen Articles" ကို ၁၉၁၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် မန်ချူးအစိုးရက ပြဋ္ဌာန်းခဲ့သည်။ Doctrine of Nineteen Articles တွင် အကြောင်းအရာအလိုက် အခန်းခေါင်းစဉ် များဖြင့် ပြဋ္ဌာန်းထားခြင်းမရှိဘဲ အပိုဒ်များဖြင့်သာပြဋ္ဌာန်းထားပြီး အပိုဒ်ပေါင်း ၁၉ ပိုဒ် ပါဝင်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များတွင် "ကြီးကျယ်ခမ်းနားသော ချင်းမင်းဆက်သည် အစဉ်ထာဝရစိုးစံမည်။ ဧကရာဇ်၏အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကန့်သတ်ရမည်။" ဟု ပြဋ္ဌာန်းထားသည်။ Nineteen Articles အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားဥပဒေပြုကောင်စီ (National Legislative Council)က ရေးဆွဲအတည်ပြုပြီး ဧကရာဇ်က ကြေညာချက်ထုတ်ပြန်၍ ပြဋ္ဌာန်းရမည်ဖြစ်သည်။[17]

Doctrine of Nineteen Articles ပါပြဋ္ဌာန်းချက်များသည် ဧကရာဇ်၏အာဏာကို ထိန်းချုပ်ကာ ကွန်ဂရက်၏အာဏာကို ချဲ့ထွင်ခဲ့သည်။ သို့ရာတွင် ရှန်ဟိုင်းတော်လှန်ရေးပြီးဆုံးပြီးနောက် ၃ လ အကြာ ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့သည်။[18] ထို့နောက် ဒေါက်တာဆွန်ယက်ဆင် ဦးဆောင်သော ယာယီအစိုးရသည် တရုတ်သမ္မတနိုင်ငံ၏ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ သည်။[19]

## ၂-၃။ ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို တရုတ်သမ္မတနိုင်ငံ၏ ယာယီအစိုးရက ၁၉၁၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတွင်

---

[14] https://www.wikiwand.com/en/Principles_of_the_Constitution_(1908)
[15] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf
[16] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ- ၁၈
[17] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf
[18] https://en.wikipedia.org/wiki/Nineteen_Articles
[19] https://en.wikipedia.org/wiki/Provisional_Constitution_of_the_Republic_of_China

အခန်း ၁- အထွေထွေပြဋ္ဌာန်းချက်များ၊ အခန်း ၂- နိုင်ငံသားများ၊ အခန်း ၃- ဥပဒေပြုလွှတ်တော်၊ အခန်း ၄ - ယာယီသမ္မတနှင့် ယာယီဒုတိယသမ္မတ၊ အခန်း ၅- အစိုးရအဖွဲ့ဝင်များ၊ အခန်း ၆- တရားစီရင်ရေး၊ အခန်း ၇- နောက်ဆက်တွဲပြဋ္ဌာန်းချက်များ ဟူ၍ အခန်း ၇ ခန်း၊ အပိုဒ်ပေါင်း ၅၆ ပိုဒ် ပါဝင်သည်။ ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထွေထွေပြဋ္ဌာန်းချက်များတွင် တရုတ်သမ္မတနိုင်ငံကို တရုတ်လူမျိုးများဖြင့် ဖွဲ့စည်းထားကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူများထံ အပ်နှင်းကြောင်း၊ အချုပ်အခြာအာဏာကို ဥပဒေပြုလွှတ်တော်၊ ယာယီသမ္မတ၊ အစိုးရအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့က ကျင့်သုံးကြောင်း ဖော်ပြထားသည်။ ၁၉၁၂ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၅၄ အရ တရုတ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမပြဋ္ဌာန်းမီ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်။[20]

၁၉၁၂ ခုနှစ် ဧပြီလတွင် ဒေါက်တာဆွန်ယက်ဆင်သည် ယာယီသမ္မတအဖြစ်မှ နုတ်ထွက်ပြီးနောက် ထပ်မံတင်မြှောက်ခဲ့သည့် ယာယီသမ္မတ ယွမ်ရှီကိုင်း က ၁၉၁၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်ကို ပြဋ္ဌာန်းခဲ့သည်။[21]

## ၂-၄။ ၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်

၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်(Constitutional Compact) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စတုတ္ထမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်တွင် အခန်း ၁- နိုင်ငံတော်၊ အခန်း ၂- နိုင်ငံသားများ၊ အခန်း ၃- သမ္မတ၊ အခန်း ၄- ဥပဒေပြုအဖွဲ့၊ အခန်း ၅- အုပ်ချုပ်ရေး၊ အခန်း ၆- တရားစီရင်ရေး၊ အခန်း ၇- အကြံပေးအဖွဲ့၊ အခန်း ၈- ဘဏ္ဍာရေး၊ အခန်း ၉- ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ထုံးလုပ်နည်း၊ အခန်း ၁၀- နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များ ဟူ၍ အခန်း ၁၀ ခန်း၊ အပိုဒ်ပေါင်း ၆၈ ပိုဒ် ပါဝင်သည်။ ၁၉၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်အရ အချုပ်အခြာအာဏာသည် ပြည်သူတစ်ရပ်လုံးထံတွင် တည်ရှိသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲ ဖြစ်ပြီး အစိုးရအာဏာအားလုံးကို ကျင့်သုံးဆောင်ရွက်သည်။ နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနိုင်ငံကို ကိုယ်စားပြုရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ကြည်းတပ်နှင့် ရေတပ်ဦးစီးချုပ်ဖြစ်ပြီး နိုင်ငံတော်၏ ကြည်းတပ်နှင့် ရေတပ်များကို ကြီးကြပ်ကွပ်ကဲသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသဘောတူညီချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး အာဏာမတည်မီကာလတွင်

[20] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf

[21] https://en.wikipedia.org/wiki/Provisional_Constitution_of_the_Republic_of_China

ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း အပိုဒ် ၆၄ တွင် ပြဋ္ဌာန်းထားသည်။[22]

## ၂-၅။ ၁၉၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၂၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပါလီမန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အခန်း ၁- အစိုးရပုံစံ၊ အခန်း ၂- အချုပ်အခြာအာဏာ၊ အခန်း ၃- ပိုင်နက်နယ်မြေ၊ အခန်း ၄- နိုင်ငံသားများ၊ အခန်း ၅- အစိုးရအာဏာများ၊ အခန်း ၆- ပါလီမန်၊ အခန်း ၇- နိုင်ငံတော်သမ္မတ၊ အခန်း ၈- အစိုးရအဖွဲ့၊ အခန်း ၉- တရားစီရင်ရေး၊ အခန်း ၁၀- ဥပဒေ၊ အခန်း ၁၁- ဘဏ္ဍာရေး၊ အခန်း ၁၂- ဒေသစနစ်၊ အခန်း ၁၃- ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် တရားဝင်ဖြစ်ခြင်း ဟူ၍ အခန်း ၁၃ ခန်း နှင့် အပိုဒ်ပေါင်း ၁၄၁ ပိုဒ် ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထင်ရှားစေရန်နှင့် မြှင့်တင်ရန်၊ နိုင်ငံတော်၏ နယ်နိမိတ်များ တည်ငြိမ်စေရန်၊ အထွေထွေသက်သာချောင်ချိရေးကို အထောက်အကူပြုစေရန်၊ လူသားချင်းစာနာမှု မူသဘောတရားကို ကာကွယ်ရန်တို့အတွက် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး နိုင်ငံတော် တစ်ဝှမ်းလုံးသို့ ကြေညာခြင်းဖြစ်ကြောင်း နိဒါန်းတွင်ဖော်ပြထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အစဉ်အမြဲစည်းလုံးသောသမ္မတနိုင်ငံဖြစ်ကြောင်းနှင့် တရုတ်သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူတစ်ရပ်လုံးထံ အပ်နှင်းထားကြောင်း ပြဋ္ဌာန်းထားသည်။[23]

## ၂-၆။ ၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်ကိုထိန်းသိမ်းစောင့်ရှောက်သည့် ကြားကာလအချိန်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၃၁ ခုနှစ် မေလ တွင် မူကြမ်းရေးဆွဲခဲ့သည်။ စစ်အုပ်ချုပ်ရေးကာလမှ နိုင်ငံရေးဆိုင်ရာထိန်းသိမ်းခြင်းမှတစ်ဆင့် နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအုပ်ချုပ်ရေးသို့ ကူးပြောင်းရန် ဆွန်ယက်ဆင်၏ အယူဝါဒသုံးရပ်ကို ၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။[24]

၁၉၃၁ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားအစိုးရက ထုတ်ပြန်ကြေညာသည့် ၁၉၃၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့သည်။ ဤဖွဲ့စည်းပုံအခြေခံတွင် အခန်း ၁-

[22] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf
[23] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf
[24] https://www.cksmh.gov.tw/en/cp.aspx?n=6477

အခြေခံမူများ၊ အခန်း ၂- နိုင်ငံသားများ၏ အခွင့်အရေးများနှင့်တာဝန်များ၊ အခန်း ၃- နိုင်ငံရေးဆိုင်ရာလမ်းပြမှု (အမျိုးသားပြန်လည်တည်ဆောက်ရေး၏ ပြောင်းလဲတိုးတက်မှု အဆင့်သုံးဆင့်ရှိသော အခြေခံနှစ်ရပ်)[25]၊ အခန်း ၄- နိုင်ငံသားများ၏ လူမှုဘဝဖူလုံရေး၊ အခန်း ၅- နိုင်ငံသားများ၏ပညာရေး၊ အခန်း ၆- ဗဟိုနှင့်ဒေသဆိုင်ရာ အစိုးရများအကြား အာဏာခွဲဝေမှု၊ အခန်း ၇- အစိုးရများ၏ ဖွဲ့စည်းမှုနှင့် အခန်း ၈- နောက်ဆက်တွဲပြဋ္ဌာန်းချက် ဟူ၍ အခန်း ၈ ခန်း နှင့် အပိုဒ်ပေါင်း ၈၉ ပိုဒ် ပါဝင်သည်။ [26]

## ၂-၇။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အမျိုးသားအစိုးရက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁- အထွေထွေပြဋ္ဌာန်း ချက်များ၊ အခန်း ၂- နိုင်ငံသားများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ အခန်း ၃- အမျိုးသားလွှတ်တော်၊ အခန်း ၄- သမ္မတ၊ အခန်း ၅- အုပ်ချုပ်ရေး၊ အခန်း ၆- ဥပဒေပြုရေး၊ အခန်း ၇- တရားစီရင်ရေး၊ အခန်း ၈- စစ်ဆေးရေးအဖွဲ့၊ အခန်း ၉- ကြီးကြပ်ရေးအဖွဲ့၊ အခန်း ၁၀- ဗဟို အစိုးရနှင့် ဒေသဆိုင်ရာ အစိုးရများ၊ အခန်း ၁၁- ဒေသဆိုင်ရာအစိုးရစနစ်၊ အခန်း ၁၂- ရွေးကောက်ပွဲ၊ ပြန်လည်ခေါ်ယူခြင်း၊ အစပြုခြင်းနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ အခန်း ၁၃- အခြေခံအမျိုးသားမူဝါဒများ၊ အခန်း ၁၄- ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ခြင်းနှင့် ပြင်ဆင်ခြင်း ဟူ၍ အခန်း ၁၄ ခန်း နှင့် အပိုဒ်ပေါင်း ၁၇၅ ပိုဒ် ပါဝင်သည်။[27]

## ၂-၈။ ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၉ ခုနှစ် အထိ ဖြစ်ပွားခဲ့သော ဒုတိယအကြိမ်ပြည်တွင်းစစ်တွင် တရုတ်ကွန်မြူနစ်ပါတီကို ပြည်သူများက ပြတ်ပြတ်သားသား ထောက်ခံအားပေးခဲ့သောကြောင့် တရုတ်သမ္မတနိုင်ငံ၌ အလှည့်အပြောင်းဖြစ်ပေါ်စေခဲ့သည်။ ကွန်မြူနစ်ပါတီသည် ကူမင်တန်အစိုးရအစား ဒီမိုကရေစီစနစ်သစ်ကို တည်ထောင်ရန်အတွက် တရုတ်ပြည်သူ့နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုညီလာခံ (Chinese People's Political Consultative Conference- CPPCC) ကို ၁၉၄၉ ခုနှစ် ဇွန်လတွင် စတင်ကျင်းပခဲ့သည်။ ၁၉၅၄ ခုနှစ် မတ်လတွင် အဆိုပါညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ချမှတ်ခဲ့သည်။[28]

---

[25] Wikipedia: Dang Gno Article- Origin- Dang Gno was short for Yi Dang Guo, which Literally means "using the political party to ran the State" by Sun Yet San. And political tutelage two of the three ***phases*** of the Fundamentals of National Constitution.

[26] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf

[27] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf

[28] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ-၁၈-၁၉

၁၉၅၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပထမအကြိမ် အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress) က ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုညီလာခံ၏ ဘုံအစီအစဉ်ကို အခြေခံထားပြီး ကူးပြောင်းရေးကာလတွင် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များနှင့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန် ပြည်သူတစ်ရပ်လုံး၏ ယေဘုယျဆန္ဒကို ထင်ဟပ်စေသည်။ ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁- အခြေခံမူများ၊ အခန်း ၂- နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်း ၃- နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် တာဝန်များ၊ အခန်း ၄- နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော် ဟူ၍ အခန်း ၄ ခန်းနှင့် အပိုဒ်ပေါင်း ၁၀၆ ပိုဒ် ပါဝင်သည်။[29]

## ၂-၉။ ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၅၇ ခုနှစ် တွင် တရားစီရင်ရေးကိစ္စများ၌ ပါတီကဝင်ရောက်စွက်ဖက်မှုများ ရှိလာသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် ပျက်ကွက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုကာလအတွင်း လက်ယာဆန့်ကျင်ရေးလှုပ်ရှားမှုအစဖြစ်သည့် နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပါတီတွင်း သန့်စင်ရေးဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။ ယင်းပြဿနာရပ်များသည် ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆-၁၉၇၆) ကာလတွင် အဆုံးသတ်သွားခဲ့ပြီး မော်စီတုန်းဦးဆောင်သော အင်အားစုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခြင်းအားဖြင့် ၎င်းတို့သည် တရားဝင် အာဏာများကို ရရှိခဲ့သည်။[30] ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး သက်တမ်းမှာ သုံးနှစ်ခန့်သာ ကြာမြင့်ခဲ့သည်။ ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အခန်း ၁- အခြေခံမူများ၊ အခန်း ၂- နိုင်ငံတော်၏ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်း ၃- နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် တာဝန်များ၊ အခန်း ၄- နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော် ဟူ၍ အခန်း ၄ ခန်း ပါဝင်ပြီး အပိုဒ်ပေါင်း ၃၀ ပိုဒ် ပြဋ္ဌာန်းထားသည်။[31]

## ၂-၁၀။ ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

မော်စီတုန်းကွယ်လွန်ပြီးနောက် ကွန်မြူနစ်ပါတီအတွင်း အင်အားပြိုင်ဆိုင်မှုများ ပြင်းထန်လာခဲ့သည်။ ယင်းကဲ့သို့ အင်အားပြိုင်ဆိုင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ပေါ်ထွန်းရန်

---

[29] https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf

[30] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ- ၁၉-၂၀

[31] https://china.usc.edu/sites/default/files/article/attachments/peoples-republic-of-china-constitution-1975.pdf

တွန်းအားဖြစ်စေခဲ့သည်။ အမျိုးသားပြည်သူ့ကွန်ဂရက်သည် ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သည်။[32] ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အခန်း ၁- အခြေခံမူများ၊ အခန်း ၂- နိုင်ငံတော်၏ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်း ၃- နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် တာဝန်များ၊ အခန်း ၄- နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော် ဟူ၍ အခန်း ၄ ခန်း ပါဝင်ပြီး အပိုဒ်ပေါင်း ၆၀ ပိုဒ် ပြဋ္ဌာန်းထားသည်။[33]

## ၃။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားပြည်သူ့ကွန်ဂရက်၏ ပဉ္စမအကြိမ် အစည်းဝေးတွင် အတည်ပြုခဲ့ပြီး ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ကြေညာချက်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အခန်း ၁- အခြေခံမူများ၊ အခန်း ၂ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် တာဝန်များ၊ အခန်း ၃- နိုင်ငံတော်အဖွဲ့အစည်းများ၊ အခန်း ၄- နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော် ဟူ၍ အခန်း ၄ ခန်း ပါဝင်ပြီး အပိုဒ်ပေါင်း ၁၄၃ ပိုဒ် ပြဋ္ဌာန်းထားသည်။

### ၃-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်ရှိ သမိုင်းကြောင်း အရှည်လျားဆုံးသော နိုင်ငံများအနက်မှ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးသည် ခန့်ညားထည်ဝါသော ယဉ်ကျေးမှုကို အတူတကွ ပူးပေါင်းဖန်တီးခဲ့ကြပြီး ပြုပြင်ပြောင်းလဲမှုအစဉ်အလာအပေါ် ဂုဏ်ယူလျက်ရှိကြောင်း၊ တရုတ်ဝိသေသလက္ခဏာဆောင်သော ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ဆိုရှယ်လစ်စနစ်ကို တည်ထောင်ရာတွင် အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အပေါ် မှီခိုရန်လိုအပ်ပြီး အဆိုပါအင်အားစုများကို စုစည်းနိုင်သမျှ စုစည်းရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အခြေခံရမည့်စနစ်နှင့် အခြေခံရမည့်လုပ်ငန်းများအား ဥပဒေနှင့်အညီ ဖွဲ့စည်းရန်အတွက် သတ်မှတ်ပေးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေဆိုင်ရာတွင် အမြင့်ဆုံးအာဏာရှိသည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။

[32] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ- ၂၀

[33] https://china.usc.edu/sites/default/files/article/attachments/peoples-republic-of-china-constitution-1978.pdf

## ၃-၂။ အခြေခံမူများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အလုပ်သမား၊ တောင်သူလယ်သမားတို့၏ မဟာမိတ်ပြုမှုအပေါ် အခြေခံသည့် အလုပ်သမားလူတန်းစားဦးဆောင်သော ပြည်သူ့ဒီမိုကရက်တစ် အာဏာပိုင်စိုးမှုဖြင့် အုပ်ချုပ်သည့် ဆိုရှယ်လစ်နိုင်ငံဖြစ်သည်။ ဆိုရှယ်လစ်စနစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အခြေခံစနစ်ဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုသည် တရုတ်ဝိသေသလက္ခဏာများဖြင့် ဆိုရှယ်လစ်စနစ်၏ သဘောသဘာဝကို ရုပ်လုံးဖော်ဆောင်ထားခြင်းဖြစ်သည်။[34] နိုင်ငံတော်၏ အာဏာအားလုံးကို ပြည်သူများက ပိုင်ဆိုင်သည်။ နိုင်ငံတော်အာဏာကို ပြည်သူများမှတစ်ဆင့် ကျင့်သုံးသောအဖွဲ့အစည်းများမှာ အမျိုးသား ပြည်သူ့ကွန်ဂရက်နှင့် အဆင့်တိုင်းရှိဒေသဆိုင်ရာ ပြည်သူ့ကွန်ဂရက်များဖြစ်သည်။[35]

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများသည် ဒီမိုကရေစီဝါဒကို အခြေခံသော ဗဟိုချုပ်ကိုင်သည့် မူသဘောတရားကို ကျင့်သုံးသည်။ နိုင်ငံတော်၏ စီမံခန့်ခွဲရေး၊ ကြီးကြပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေအကျိုးဆောင်အဖွဲ့များကို ပြည်သူ့ကွန်ဂရက်များက ဖွဲ့စည်းပေးပြီး ယင်းအဖွဲ့အစည်းများသည် ပြည်သူ့ကွန်ဂရက်များကို တာဝန်ခံရမည့်အပြင် ကြီးကြပ်မှုကိုလည်း ခံယူရမည်။[36] နိုင်ငံတော်သည် ဆိုရှယ်လစ်ဥပဒေစနစ်၏ တူညီမှုနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည်။[37] ပြည်သူတစ်ရပ်လုံးက ပိုင်ဆိုင်သည့် ဆိုရှယ်လစ်စီးပွားရေးသည် အမျိုးသားစီးပွားရေးကဏ္ဍ၏ အဓိကမောင်းနှင်အားဖြစ်သည်။[38] တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်။[39]

## ၃-၃။ ဥပဒေပြုရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဥပဒေပြုရေးအာဏာကို အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် ၎င်း၏ အမြဲတမ်းကော်မတီတို့က ကျင့်သုံးသည်။[40] အမျိုးသားပြည်သူ့ကွန်ဂရက်သည် နိုင်ငံတော်၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းအဖွဲ့သည် အမြဲတမ်း

---

[34] အပိုဒ် ၁၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[35] အပိုဒ် ၂၊ ibid

[36] အပိုဒ်၃၊ ibid

[37] အပိုဒ် ၅၊ ibid

[38] အပိုဒ် ၇၊ ibid

[39] အပိုဒ် ၁၅၊ ibid

[40] အပိုဒ် ၅၈၊ ibid

ကော်မတီဖြစ်သည်။[41] အမျိုးသားပြည်သူ့ကွန်ဂရက်ကို ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၊ ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများ၊ အထူးအုပ်ချုပ်ခွင့်ရဒေသများနှင့် တပ်မတော်တို့မှ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းသည်။ လူနည်းစုတိုင်းရင်းသားအားလုံးသည် သင့်တင့်လျောက်ပတ်သော ကိုယ်စားလှယ်ဦးရေဖြင့် အမျိုးသားပြည်သူ့ ကွန်ဂရက်တွင် ကိုယ်စားပြုခွင့်ရှိသည်။ အမျိုးသားပြည်သူ့ကွန်ကဂရက်၏ ကိုယ်စားလှယ်များ ရွေးချယ်ခြင်းကို အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီက ဆောင်ရွက်သည်။ အမျိုးသားပြည်သူ့ကွန်ဂရက်၏ ကိုယ်စားလှယ်အရေအတွက်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းသည်။[42] အမျိုးသားပြည်သူ့ကွန်ဂရက်၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။[43]

အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးကို အမြဲတမ်းကော်မတီက ကြီးမှူး၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပသည်။ အမြဲတမ်းကော်မတီသည် လိုအပ်သည်ဟု ထင်မြင်ယူဆပါက အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကို မည်သည့်အချိန်တွင်မဆို ကျင်းပနိုင်သည် သို့မဟုတ် အမျိုးသားပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်၏ ငါးပုံတစ်ပုံနှင့်အထက် ကိုယ်စားလှယ်များက အဆိုပြုလာသည့်အခါ အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။[44]

အမျိုးသားပြည်သူ့ကွန်ဂရက်သည် အောက်ဖော်ပြပါ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာဏာသက်ရောက်စေခြင်းကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများဆိုင်ရာ ဥပဒေများနှင့် အခြားဥပဒေများကို ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်း၊

(၄) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ကို ရွေးချယ်ခြင်း၊

---

[41] အပိုဒ် ၅၇၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[42] အပိုဒ် ၅၉၊ ibid

[43] အပိုဒ် ၆၀၊ ibid

[44] အပိုဒ် ၆၁၊ ibid

(၅) နိုင်ငံတော်သမ္မတ၏ အမည်စာရင်းတင်သွင်းမှုအပေါ်အခြေခံ၍ နိုင်ငံတော်ကောင်စီ၏ ဝန်ကြီးချုပ်ရွေးချယ်မှုအပေါ် အဆုံးအဖြတ်ပြုခြင်း၊ ဝန်ကြီးချုပ်၏ အမည်စာရင်း တင်သွင်းမှုအပေါ်အခြေခံ၍ ဒုတိယဝန်ကြီးချုပ်များ၊ နိုင်ငံတော် ကောင်စီဝင်များ၊ ဝန်ကြီး ဌာနများ သို့မဟုတ် ကော်မရှင်များ၏ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် နိုင်ငံတော်ကောင်စီ ၏ အထွေထွေအတွင်းရေးမှူး ရွေးချယ်မှုများအပေါ် ဆုံးဖြတ်ခြင်း၊

(၆) ဗဟိုကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ရွေးချယ်ခြင်းနှင့် ဗဟိုကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ၏ အမည်စာရင်းတင်သွင်းမှုအပေါ်အခြေခံ၍ ဗဟိုကာကွယ်ရေးကော်မရှင်၏ အခြား အဖွဲ့ဝင်များ ရွေးချယ်မှုအပေါ် ဆုံးဖြတ်ခြင်း၊

(၇) နိုင်ငံတော်ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌအား ရွေးချယ်ခြင်း၊

(၈) ပြည်သူ့တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌအား ရွေးချယ်ခြင်း၊

(၉) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ပြည်သူ့ဥပဒေအကျိုးဆောင်ချုပ်အား ရွေးချယ်ခြင်း၊

(၁၀) အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား စစ်ဆေးခြင်း၊ အတည် ပြုခြင်းနှင့် ယင်းလုပ်ငန်း အကောင်အထည်ဖော်မှု အစီရင်ခံစာများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊

(၁၁) နိုင်ငံတော်ဘတ်ဂျက်နှင့် ယင်းကိုအကောင်အထည်ဖော်မှု အစီရင်ခံစာတို့အား စစ်ဆေး ခြင်းနှင့် အတည်ပြုခြင်း၊

(၁၂) အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ သင်တင့်လျောက်ပတ်မှု မရှိသော ဆုံးဖြတ်ချက်များအား ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊

(၁၃) ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများ၏ ဖွဲ့စည်းတည်ထောင်မှုအပေါ် ဆုံးဖြတ် ခြင်း၊

(၁၄) အထူးအုပ်ချုပ်ခွင့်ရဒေသများ ဖွဲ့စည်းတည်ထောင်မှုနှင့် အဆိုပါဒေသများတွင် အဖွဲ့ အစည်းများ ဖွဲ့စည်းထားရှိသည့် စနစ်များအပေါ်ဆုံးဖြတ်ခြင်း၊

(၁၅) စစ်နှင့်ငြိမ်းချမ်းရေးဆိုင်ရာ ပြဿနာများအပေါ် ဆုံးဖြတ်ခြင်း၊

(၁၆) နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းက ကျင့်သုံးဆောင်ရွက်သင့်သည့် အခြား လုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးအကောင်အထည်ဖော်ခြင်း။[45]

အမျိုးသားပြည်သူ့ကွန်ဂရက်သည် အထက်ဖော်ပြပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက် ဖော်ပြပါပုဂ္ဂိုလ်များအား တာဝန်မှပြန်လည်ရုပ်သိမ်းခွင့် သို့မဟုတ် ရာထူးမှထုတ်ပယ်ခွင့် အာဏာ ရှိသည်-

(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၊

(၂) ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်များ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ၏ တာဝန်ခံဝန်ကြီးများ၊ သို့မဟုတ် ကော်မရှင်များ၏ တာဝန်ခံဝန်ကြီးများ နှင့် စာရင်းစစ်ချုပ် နှင့် နိုင်ငံတော်ကောင်စီ၏ အထွေထွေအတွင်းရေးမှူး။

(၃) ဗဟိုကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခြားကော်မရှင်အဖွဲ့ဝင်များ၊

(၄) နိုင်ငံတော်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊

(၅) ပြည်သူ့တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌနှင့်

(၆) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ပြည်သူ့ဥပဒေအကျိုးဆောင်ချုပ်။[46]

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီ က သို့မဟုတ် အမျိုးသားပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ်များ၏ ငါးပုံတစ်ပုံနှင့်အထက်က အဆိုပြု တင်သွင်းပြီး ကိုယ်စားလှယ်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေ များနှင့် အဆိုများကို အမျိုးသားပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းသည်။[47]

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသည်။ လူနည်းစုတိုင်းရင်းသားများသည် အမျိုးသားပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီတွင် သင့်လျော်သည့် အရေအတွက်ဖြင့် ပါဝင်ခွင့်ရှိသည်။[48] အမျိုးသား

[45] အပိုဒ် ၆၂၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[46] အပိုဒ် ၆၃၊ ibid

[47] အပိုဒ် ၆၄၊ ibid

[48] အပိုဒ် ၆၅၊ ibid

ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ၎င်း၏ အာဏာသက်ရောက်မှု အပေါ် ကြီးကြပ်ခြင်း၊

(၂) အမျိုးသားပြည်သူ့ကွန်ဂရက်က အတည်ပြုပြဋ္ဌာန်းသောဥပဒေများမှအပ အခြားဥပဒေ များကို ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်း၊

(၃) အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသား ပြည်သူ့ကွန်ဂရက်က ပြဋ္ဌာန်းသည့် ဥပဒေများကို တစ်စိတ်တစ်ပိုင်း ဖြည့်စွက်ခြင်းနှင့် ပြင်ဆင်ခြင်း တို့ပြုလုပ်ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါဥပဒေများ၏ အခြေခံ မူများနှင့် ဆန့်ကျင်ခြင်းမရှိစေရ၊

(၄) ဥပဒေများကို အနက်အအဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(၅) အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားစီးပွားရေး နှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ချမှတ်သည့် စီမံကိန်းအပေါ် တစ်စိတ် တစ်ပိုင်း ညှိနှိုင်းပြင်ဆင်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက် သုံးစွဲခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊

(၆) နိုင်ငံတော်ကောင်စီ၊ ဗဟိုကာကွယ်ရေးကော်မရှင်၊ နိုင်ငံတော်ကြီးကြပ်ရေးကော်မရှင်၊ ပြည်သူ့တရားလွှတ်တော်ချုပ်နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ချုပ် တို့၏ လုပ်ငန်း များကိုကြီးကြပ်ခြင်း၊

(၇) ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေများနှင့် ဆန့်ကျင်သည့် နိုင်ငံတော်ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများနှင့် စည်းမျဉ်းများ၊ ဆုံးဖြတ်ချက်များနှင့် အမိန့်များကို ပယ်ဖျက်ခြင်း၊

(၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေများ သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေ များ၊ စည်းမျဉ်းများနှင့် ဆန့်ကျင်သည့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ များနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ

များရှိ နိုင်ငံတော်အာဏာပိုင်များ၏ ဒေသဆိုင်ရာစည်းမျဉ်းများနှင့် ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း၊

(၉) အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်၏ အမည်စာရင်းတင်သွင်းမှုအရ ဝန်ကြီးဌာနများ သို့မဟုတ် ကော်မရှင်များ၏ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးတို့ ရွေးချယ်ခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၁၀) အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ဗဟိုကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ၏ အမည်စာရင်းတင်သွင်းမှုအရ ဗဟိုကာကွယ်ရေး ကော်မရှင်၏ အခြားအဖွဲ့ဝင်နေရာများအတွက် ရွေးချယ်ခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၁၁) အမျိုးသားကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၏ ထောက်ခံအတည်ပြုချက်အပေါ် အခြေခံ၍ အမျိုးသားကြီးကြပ်ရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များအား ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(၁၂) ပြည်သူ့တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌ၏ အကြံပြုချက်အရ ပြည်သူ့တရားလွှတ်တော်ချုပ် ဒုတိယဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ တရားစီရင်ရေးကော်မတီဝင်များနှင့် စစ်တရားရုံး ဥက္ကဋ္ဌတို့ကို ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(၁၃) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ပြည်သူ့ဥပဒေအကျိုးဆောင်ချုပ်၏ အကြံပြုချက်ဖြင့် ဒုတိယဥပဒေအကျိုးဆောင်ချုပ်များ၊ ဥပဒေအကျိုးဆောင်များ၊ ဥပဒေအကျိုးဆောင် ကော်မတီအဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာဥပဒေချုပ်တို့ကို ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများ၏ ဥပဒေအကျိုးဆောင်ချုပ်များကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို အတည်ပြုခြင်း၊

(၁၄) အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်များခန့်အပ်ခြင်း သို့မဟုတ် ရာထူးမှ ပြန်လည်ခေါ်ယူခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၁၅) နိုင်ငံခြားတိုင်းပြည်များနှင့်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် အရေးကြီးသည့် သဘောတူညီချက်များအား အတည်ပြုခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့အပေါ် အဆုံးအဖြတ်ပြုခြင်း၊

(၁၆) စစ်ဘက်ဆိုင်ရာနှင့် သံတမန်ဆိုင်ရာပုဂ္ဂိုလ်များအတွက် ရာထူးအဆင့်များ သတ်မှတ်ခြင်း၊ စနစ်များနှင့် အခြားသီးသန့်ရာထူးအဆင့်များသတ်မှတ်သည့် စနစ်များကို ဖွဲ့စည်းသတ်မှတ်ခြင်း၊

(၁၇) နိုင်ငံတော်အဆင့် ဆုတံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ သတ်မှတ်ခြင်းနှင့် အဆိုပါ ဆုတံဆိပ်များပေးအပ်ခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၁၈) အထူးပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၁၉) အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် နိုင်ငံတော်အပေါ် လက်နက်စွဲကိုင်တိုက်ခိုက်လာသည့်အခါတွင် သို့မဟုတ် ကျူးကျော်ရန်စမှုကို စုပေါင်းခုခံခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်များပါတာဝန်များကို ဖြည့်ဆည်းထမ်းဆောင်ရသည့်အခါတွင် စစ်ကြေညာခြင်းအပေါ် ဆုံးဖြတ်ခြင်း၊

(၂၀) နိုင်ငံတော်အဆင့် သို့မဟုတ် ဒေသအဆင့် စစ်ရေးပြင်ဆင်ခြင်းများအပေါ် ဆုံးဖြတ်ခြင်း၊

(၂၁) နိုင်ငံတစ်ဝန်းလုံး သို့မဟုတ် သီးခြားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သို့မဟုတ် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရနယ်မြေများတွင် အရေးပေါ်အခြေအနေသတ်မှတ်သည့်အပေါ် ဆုံးဖြတ်ခြင်းနှင့်

(၂၂) အမျိုးသားပြည်သူ့ကွန်ဂရက်ကပေးအပ်သော အခြားလုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။[49]

အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အမြဲတမ်းကော်မတီတို့သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် အထူးကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မတီများ ခန့်အပ်နိုင်ပြီး အဆိုပါကော်မတီများ၏ အစီရင်ခံစာပေါ်မူတည်၍ စပ်ဆိုင်သည့် ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်သည်။ စစ်ဆေးရေးကော်မတီက စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်သည့်အခါ နိုင်ငံတော် အဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ နိုင်ငံသားများအားလုံးသည်

[49] အပိုဒ် ၆၇၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

လိုအပ်သည့် သတင်းအချက်အလက်များကို စုံစမ်းစစ်ဆေးရေးကော်မတီသို့ ပံ့ပိုးပေးရန် တာဝန်ရှိသည်။[50]

အမျိုးသားပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်များနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်များသည် ဥပဒေကပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အမြဲတမ်းကော်မတီ၏ သက်ဆိုင်ရာလုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်အာဏာများ၏ အတိုင်းအတာအတွင်းကျရောက်သည့် ဥပဒေမူကြမ်းများနှင့် အဆိုပြုချက်များကို တင်သွင်းခွင့်ရှိသည်။[51]

အမျိုးသားပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်များကို အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေး၌ ၎င်းတို့၏တင်ပြချက်များ သို့မဟုတ် ဆန္ဒမဲပေးခြင်းများအတွက် ဥပဒေကြောင်းအရ တာဝန်မရှိစေကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။[52] အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အမြဲတမ်းကော်မတီတို့၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။[53]

## ၃-၄။ အုပ်ချုပ်ရေး

**(က) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ။** ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသူဖြစ်သည့်အပြင် အသက် ၄၅ နှစ် ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ကို အမျိုးသားပြည်သူ့ကွန်ဂရက်က ရွေးချယ်ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် အမျိုးသားပြည်သူ့ကွန်ဂရက်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည်။[၅၄]

နိုင်ငံတော်သမ္မတသည် အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အမြဲတမ်းကော်မတီတို့၏ ဆုံးဖြတ်ချက်ကိုလိုက်နာ၍ ပြဋ္ဌာန်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်များ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ သို့မဟုတ် ကော်မရှင်များ၏ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးချုပ်တို့ကို ခန့်အပ်ခြင်း သို့မဟုတ် ရာထူးမှဖယ်ရှား

---

[50] အပိုဒ် ၇၁၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[51] အပိုဒ် ၇၂၊ ibid

[52] အပိုဒ် ၇၅၊ ibid

[53] အပိုဒ် ၇၈၊ ibid

[54] အပိုဒ် ၇၉၊ ibid

ခြင်း၊ နိုင်ငံတော်အဆင့် ဆုတံဆိပ်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်း၊ အထူးပြစ်ဒဏ် လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခြင်း၊ နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာခြင်း၊ စစ်ကြေညာခြင်းနှင့် စစ်ပြင်ဆင်ခြင်းအမိန့်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်သည်။[55]

ထို့ပြင် နိုင်ငံတော်သမ္မတသည် နိုင်ငံ့ရေးရာများနှင့် စပ်လျဉ်းသည့်လုပ်ငန်းများတွင် နိုင်ငံတော်ကိုယ်စား ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားသံတမန်များကို လက်ခံခြင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံခြားသို့စေလွှတ်မည့် အာဏာကုန် လွှဲအပ်ခြင်းခံရသည့် ကိုယ်စားလှယ်များ ခန့်အပ်ခြင်း သို့မဟုတ် ပြန်လည်ခေါ်ယူခြင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် ချုပ်ဆိုသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ အရေးပါသည့် သဘောတူစာချုပ်များကို အတည်ပြုခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်သည်။[56]

ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတက ၎င်းအားအပ်နှင်းထားသည့် သမ္မတ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာတစ်စိတ်တစ်ပိုင်းကို ကျင့်သုံးနိုင်သည်။[57]

**(ခ) နိုင်ငံတော်ကောင်စီ။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုပြည်သူ့အစိုးရဖြစ်သော နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်၏ အမြင့်ဆုံးအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ဖြစ်ပြီး နိုင်ငံတော်၏ စီမံခန့်ခွဲရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းလည်းဖြစ်သည်။[58]

နိုင်ငံတော်ကောင်စီကို ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်များ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ၏ ဝန်ကြီးများ၊ ကော်မရှင်များ၏ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် အထွေထွေအတွင်းရေးမှူး တို့ဖြင့်ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်သည် နိုင်ငံတော်ကောင်စီကို အလုံးစုံတာဝန်ခံရသည်။ နိုင်ငံတော်ကောင်စီ၏ ဖွဲ့စည်းပုံကို ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်ဖြစ်သည်။[59] နိုင်ငံတော်ကောင်စီ၏သက်တမ်းသည် အမျိုးသားပြည်သူ့ကွန်ဂရက်သက်တမ်းနှင့် တူညီသည်။ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်များနှင့် နိုင်ငံတော်ကောင်စီဝင်များသည် တစ်ဆက်တစ်စပ်တည်း ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။[60]

---

[55] အပိုဒ် ၈၀၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[56] အပိုဒ် ၈၁၊ ibid

[57] အပိုဒ် ၈၂၊ ibid

[58] အပိုဒ် ၈၃၊ ibid

[59] အပိုဒ် ၈၆၊ ibid

[60] အပိုဒ် ၈၇၊ ibid

နိုင်ငံတော်ကောင်စီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များအား ချမှတ်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြဋ္ဌာန်းခြင်း၊ ဆုံးဖြတ်ချက်များနှင့် အမိန့်များကို ထုတ်ပြန်ကြေညာခြင်း၊

(၂) အမျိုးသားပြည်သူ့ကွန်ဂရက် သို့မဟုတ် အမြဲတမ်းကော်မတီသို့ အဆိုပြုချက်များ တင်သွင်းခြင်း၊

(၃) နိုင်ငံတော်ကောင်စီရှိ ဝန်ကြီးဌာနများနှင့် ကော်မရှင်များ၏ လုပ်ငန်းများနှင့် တာဝန်ဝတ္တရားများကို ရေးဆွဲသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများနှင့် ကော်မရှင်များ၏ လုပ်ငန်းများအပေါ် စုစည်းဦးဆောင်မှုကို ကျင့်သုံးခြင်းနှင့် ဝန်ကြီးဌာနများနှင့် ကော်မရှင်များ၏ လုပ်ပိုင်ခွင့်အတွင်းမကျရောက်သည့် အမျိုးသားရေးလက္ခဏာဆောင်သော အခြားစီမံခန့်ခွဲရေးလုပ်ငန်းများကို ညွှန်ကြားခြင်း၊

(၄) နိုင်ငံတစ်ဝှန်းရှိ အဆင့်ဆင့်သော ဒေသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ငန်းများအပေါ် စုစည်းဦးဆောင်မှုကိုကျင့်သုံးခြင်း၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများ၏ နိုင်ငံတော်စီမံခန့်ခွဲရေးအဖွဲ့များနှင့် ဗဟိုအစိုးရတို့အကြား အသေးစိတ်ပိုင်းခြားထားသည့် လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့် အာဏာများအား ရေးဆွဲချမှတ်ခြင်း၊

(၅) အမျိုးသားစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ ဘတ်ဂျက်စီမံချက်များကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(၆) စီးပွားရေးဆိုင်ရာကိစ္စများ၊ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေဟာစနစ်ထိန်းသိမ်းကာကွယ်ရေးကို ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၇) ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ ပြည်သူ့ကျန်းမာရေး၊ ကိုယ်ခန္ဓာကြံ့ခိုင်ရေးနှင့် မိသားစုအစီအမံတို့ကို ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၈) ပြည်သူ့ရေးရာများ၊ အများပြည်သူလုံခြုံရေး၊ တရားစီရင်ရေးနှင့် အခြားဆက်စပ်သည့် အရေးကိစ္စများကို ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၉) နိုင်ငံခြားရေးရာများ ဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားတိုင်းပြည်များနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(၁၀) အမျိုးသားကာကွယ်ရေးတည်ဆောက်ခြင်းအပေါ် ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၁၁) တိုင်းရင်းသားလူမျိုးရေးရာများကိုညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်း၊ တိုင်းရင်းသား လူနည်းစုများ၏ တန်းတူအခွင့်အရေးနှင့် တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(၁၂) နိုင်ငံရပ်ခြား၌နေထိုင်သော တရုတ်နိုင်ငံသားများ၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်းနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော တရုတ်နိုင်ငံသားများနှင့် နိုင်ငံရပ်ခြား၌နေထိုင်သော တရုတ်နိုင်ငံသားများ၏ မိသားစုဝင်များ၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်း၊

(၁၃) ဝန်ကြီးဌာနများ သို့မဟုတ် ကော်မရှင်များမှ ထုတ်ပြန်ထားသည့်သင့်လျော်မှုမရှိသည့် အမိန့်များ၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်းများကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊

(၁၄) အဆင့်ဆင့်သော ဒေသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့များမှ ထုတ်ပြန်သော သင့်လျော်မှုမရှိသည့် ဆုံးဖြတ်ချက်များနှင့် အမိန့်များကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(၁၅) ပထဝီအနေအထားအရ နယ်မြေပိုင်းခြားသတ်မှတ်ထားသည့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်မှုနယ်မြေများကို အတည်ပြုခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၊ ကောင်တီများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကောင်တီများနှင့် မြို့များ၏ တည်ဆောက်ဖွဲ့စည်းခြင်းနှင့် ပထဝီဝင်အနေအထားအရ နယ်မြေပိုင်းခြားသတ်မှတ်ခြင်းကို အတည်ပြုခြင်း၊

(၁၆) ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်မှုနယ်မြေအစိတ်အပိုင်းများအား အရေးပေါ်အခြေအနေ၌ အကျုံးဝင်သည့်နယ်မြေများအဖြစ် ဥပဒေနှင့်အညီဆုံးဖြတ်ခြင်း၊

(၁၇) စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့များ၏ ဝန်ထမ်းအင်အားကို စစ်ဆေးစိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းများကို ခန့်အပ်ခြင်း သို့မဟုတ် ရာထူးမှ

ထုတ်ပယ်ခြင်း၊ လေ့ကျင့်ပေးခြင်းစသည့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ဥပဒေနှင့်အညီ အကဲဖြတ်ခြင်းနှင့် ဆုပေးဒဏ်ပေးပြုခြင်း၊ နှင့်

(၁၈) အမျိုးသားပြည်သူ့ကွန်ဂရက် သို့မဟုတ် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီတို့ကပေးအပ်သော အခြားလုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးခြင်း။[61]

နိုင်ငံတော်ကောင်စီသည် အမျိုးသားပြည်သူ့ကွန်ဂရက်သို့ တာဝန်ခံရမည်ဖြစ်ပြီး ၎င်း၏ လုပ်ငန်းဆောင်ရွက်ချက်ကို အမျိုးသားပြည်သူ့ကွန်ဂရက်သို့ အစီရင်ခံရမည်ဖြစ်သည်။ အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် အမြဲတမ်းကော်မတီသို့ တာဝန်ခံခြင်းနှင့် အစီရင်ခံခြင်းတို့ကိုဆောင်ရွက်ရမည်။[62]

**(ဂ) ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များနှင့် ဒေသဆိုင်ရာပြည်သူ့အစိုးရအဖွဲ့များ။** ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်အဆင့်ဆင့်သည် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များဖြစ်သည်။ ကောင်တီအဆင့်နှင့် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များသည် အမြဲတမ်းကော်မတီများကို ဖွဲ့စည်းထားရှိသည်။[63] ပြည်သူ့ကွန်ဂရက်များနှင့် ပြည်သူ့အစိုးရအဖွဲ့များကို ပြည်နယ်များ၊ ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်မှုနယ်မြေများ၊ ကောင်တီများ၊ မြို့တော်များ၊ ဒေသန္တရခရိုင်များ၊ မြို့နယ်များ၊ လူမျိုးစုဆိုင်ရာမြို့နယ်များနှင့် မြို့များတွင် ဖွဲ့စည်းတည်ထောင်ထားသည်။ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်နှင့် ဒေသဆိုင်ရာပြည်သူ့အစိုးရအဆင့်ဆင့်ဖွဲ့စည်းပုံကို ဥပဒေဖြင့်ပြဋ္ဌာန်း သတ်မှတ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကောင်တီများတွင် ဖွဲ့စည်းတည်ထောင်ထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း- ၃(နိုင်ငံတော်အဖွဲ့အစည်းများ)၊ အပိုင်း ၅ (ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များနှင့် ဒေသဆိုင်ရာပြည်သူ့အစိုးရအဖွဲ့များ)နှင့် အပိုင်း ၆ (တိုင်းရင်းသားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့များ) တွင် ချမှတ်ထားသည့် အခြေခံမူများနှင့်အညီ ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။[64]

---

[61] အပိုဒ် ၈၉၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[62] အပိုဒ် ၉၂၊ ibid

[63] အပိုဒ် ၉၆၊ ibid

[64] အပိုဒ် ၉၅၊ ibid

ပြည်နယ်များ၊ ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများမှ ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်များနှင့် ခရိုင်များအဖြစ် ပိုင်းခြားထားသည့်မြို့များ၏ ကိုယ်စားလှယ်များကို တစ်ဆင့်နိမ့်ပြည်သူ့ကွန်ဂရက်များက ရွေးချယ်သည်။ ကောင်တီများ၊ ခရိုင် အဖြစ် ပိုင်းခြားသတ်မှတ်ထားခြင်းမရှိသော မြို့များ၊ ဒေသန္တရခရိုင်များ၊ မြို့နယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုမြို့နယ်များနှင့် မြို့များရှိ ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်များကို ၎င်းတို့၏မဲဆန္ဒနယ်ရှိ ပြည်သူများကတိုက်ရိုက် ရွေးချယ်သည်။ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်အဆင့်ဆင့်၏ ကိုယ်စားလှယ် အရေအတွက်နှင့် ၎င်းတို့အား ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။[65] ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်အဆင့်ဆင့်၏ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။[66]

ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်အဆင့်ဆင့်သည် သက်ဆိုင်ရာစီမံခန့်ခွဲသည့် ဒေသတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေများ၊ စီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများနှင့် စည်းမျဉ်းများအား လိုက်နာအကောင်အထည်ဖော်ဆောင်မှုကို အာမခံချက်ပေးရမည်။ ဒေသဆိုင်ရာကွန်ဂရက်အဆင့်ဆင့်သည် ဒေသဆိုင်ရာစီးပွားရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့အပေါ် ၎င်းတို့အား ဥပဒေအရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အတွင်းမှ အတည်ပြုခြင်း၊ ဖြေရှင်းပေးခြင်း၊ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။

ကောင်တီအဆင့်နှင့် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များသည် ၎င်းတို့၏စီမံခန့်ခွဲရေးဆိုင်ရာဒေသများ၏ စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးအတည်ပြုသည့်အပြင် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းအစီရင်ခံစာများကိုလည်း စစ်ဆေးအတည်ပြုသည်။ ယင်းတို့၏ အမြဲတမ်းကော်မတီတို့က ချမှတ်သည့်မသင့်လျော်သောဆုံးဖြတ်ချက်များကို ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကိုပြုလုပ်ရန် အခွင့်အာဏာရှိသည်။

တိုင်းရင်းသားလူမျိုးစုမြို့နယ်များရှိ ပြည်သူ့ကွန်ဂရက်များသည် ၎င်းတို့အား ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အတွင်းမှ သက်ဆိုင်ရာလူမျိုးစုများ၏ ဝိသေသလက္ခဏာများနှင့် ကိုက်ညီသည့်အထူးသီးခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။[67]

---

[65] အပိုဒ် ၉၇၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[66] အပိုဒ် ၉၈၊ ibid

[67] အပိုဒ် ၉၉၊ ibid

ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များသည် သက်ဆိုင်ရာအဆင့်ဆင့်အလိုက် အုပ်ချုပ်ရေးမှူးများ၊ ဒုတိယအုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များ၊ ဒုတိယမြို့တော်ဝန်များ၊ ကောင်တီအကြီးအမှူးများနှင့် ကောင်တီဒုတိယအကြီးအမှူးများ၊ ခရိုင်အကြီးအမှူးများနှင့် ဒုတိယခရိုင်အကြီးအမှူးများ၊ မြို့နယ် အကြီးအမှူးများနှင့် ဒုတိယမြို့နယ်အကြီးအမှူးများ၊ မြို့အကြီးအမှူးများ၊ ဒုတိယမြို့အကြီးအမှူး များကို ရွေးကောက်တင်မြှောက်ခွင့်နှင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်အာဏာရှိသည်။

ကောင်တီအဆင့် သို့မဟုတ် ၎င်း၏အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များသည် သက်ဆိုင်ရာကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌများ၊ ပြည်သူ့တရားရုံးဥက္ကဋ္ဌများနှင့် ပြည်သူ့ဥပဒေအကျိုး ဆောင်အဖွဲ့ ဥပဒေချုပ်များအား ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး တာဝန်မှပြန်လည်ရုပ်သိမ်း ခွင့်အာဏာရှိသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ဥပဒေချုပ်များကို ရွေးကောက်တင်မြှောက်ခြင်း သို့မဟုတ် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းကို အဆင့်တူပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အတည်ပြုချက်ရယူရန် တင်သွင်း၍ တစ်ဆင့်မြင့် ပြည်သူ့ဥပဒေအကျိုးဆောင်ချုပ်များထံသို့ အစီရင်ခံ ရမည်။[68]

အဆင့်ဆင့်သော ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များ၏ ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ထားသော ရွေးကောက်ပွဲအဖွဲ့များနှင့် မဲဆန္ဒနယ်များရှိ မဲဆန္ဒရှင်ပြည်သူများသည် ဥပဒေ ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းတို့ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။[69]

ကောင်တီအဆင့်နှင့် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များ၏ အမြဲတမ်း ကော်မတီများသည် ၎င်းတို့စီမံခန့်ခွဲသည့် ဒေသအတွင်း လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်များအားလုံးရှိ အဓိကပြဿနာများကို ဆွေးနွေးဆုံးဖြတ်ခြင်း၊ သက်ဆိုင်ရာပြည်သူ့ အစိုးရအဖွဲ့၊ ကြီးကြပ်ရေး ကော်မရှင်၊ ပြည်သူ့တရားရုံးနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ လုပ်ငန်းများကို ကြီးကြပ် ကွပ်ကဲခြင်း၊ သက်ဆိုင်ရာပြည်သူ့အစိုးရအဖွဲ့များက ချမှတ်ထားသည့် သင့်လျော်မှုမရှိသော ဆုံးဖြတ် ချက်များနှင့် အမိန့်များကို ပယ်ဖျက်ခြင်းအပြင် အောက်တစ်ဆင့်နိမ့်သော ပြည်သူ့ကွန်ဂရက်က ချမှတ် ထားသည့် မသင့်လျော်သော ဆုံးဖြတ်ချက်များကိုလည်း ပယ်ဖျက်ခြင်း၊ ဥပဒေဖြင့် သတ်မှတ်ထား သည့် အခွင့်အာဏာများအတွင်း နိုင်ငံတော်အဖွဲ့များ၏ နိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်ခြင်း သို့မဟုတ် ရာထူးမှဖယ်ရှားခြင်းအပေါ်ဆုံးဖြတ်သည်။ သက်ဆိုင်ရာပြည်သူ့ကွန်ဂရက်၏ အစည်းအဝေးကျင်းပချိန်

[68] အပိုဒ် ၁၀၁၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[69] အပိုဒ် ၁၀၂၊ ibid

မဟုတ်ပါက ကောင်တီအဆင့်နှင့် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များ၏ အမြဲတမ်းကော်မတီများသည် တစ်ဆင့်မြင့်အဆင့်ရှိ ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းနှင့် အဆိုပါ လစ်လပ်နေရာအား ဖြည့်စွက်ခန့်ထားရန် ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရမည်။[70]

ပြည်သူ့အစိုးရအဖွဲ့အဆင့်ဆင့်သည် နိုင်ငံတော်၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များ ဖြစ်သည့်နည်းတူ သက်ဆိုင်ရာနိုင်ငံတော်စီမံခန့်ခွဲရေး၏ ဒေသဆိုင်ရာအဖွဲ့များလည်းဖြစ်သည်။[71] ဒေသဆိုင်ရာပြည်သူ့အစိုးရအဖွဲ့အဆင့်ဆင့်၏ သက်တမ်းသည် သက်ဆိုင်ရာပြည်သူ့ကွန်ဂရက်များ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။[72]

ကောင်တီအဆင့် သို့မဟုတ် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့ အစိုးရအဖွဲ့များသည် ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာအတွင်း ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေအသီးသီးရှိ စီးပွားရေး၊ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ ပြည်သူ့ကျန်းမာရေး၊ ကိုယ်ခန္ဓာကြံ့ခိုင်ရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေး၊ ပြည်သူ့ရေးရာများ၊ ငြိမ်ဝပ်ပိပြားရေး၊ တိုင်းရင်းသားရေးရာများ၊ တရားစီရင်ရေး၊ သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်မှုအတွင်း မိသားစုအစီအစဉ် အစရှိသည်တို့နှင့် ဆက်နွယ်သည့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းနှင့်အတူ ဆုံးဖြတ်ချက်များနှင့် အမိန့်များကို ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများအား ခန့်အပ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ အကဲဖြတ်ခြင်းနှင့် ထောက်ခံချက်ပေးခြင်း၊ အရေးယူခြင်းနှင့် ရာထူးမှ ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်သည်။

မြို့နယ်များ၊ တိုင်းရင်းသားလူမျိုးစုမြို့နယ်များနှင့် မြို့များရှိ ပြည်သူ့အစိုးရအဖွဲ့များသည် သက်ဆိုင်ရာပြည်သူ့ကွန်ဂရက်များ၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ တစ်ဆင့်မြင့် စီမံခန့်ခွဲရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များနှင့် အမိန့်များကိုလည်း အကောင်အထည်ဖော်ရပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် နယ်မြေအသီးသီးရှိ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရသည်။

ပြည်နယ်များနှင့် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ဒေသန္တရအုပ်ချုပ်ရေး နယ်မြေများ၏ ပြည်သူ့အစိုးရအဖွဲ့များသည် မြို့နယ်များ၊ တိုင်းရင်းသားလူမျိုးစု မြို့နယ်များနှင့် မြို့များ

---

[70] အပိုဒ် ၁၀၄၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[71] အပိုဒ် ၁၀၅၊ ibid

[72] အပိုဒ် ၁၀၆၊ ibid

ဖွဲ့စည်းတည်ထောင်ခြင်း၊ ပထဝီဝင် အနေအထားအရ နယ်နိမိတ်ပိုင်းခြား သတ်မှတ်ခြင်းတို့ကို ဆုံးဖြတ်သည်။[73]

ကောင်တီအဆင့်နှင့် အထက်အဆင့်ရှိ ဒေသဆိုင်ရာပြည်သူ့အစိုးရအဖွဲ့များသည် ၎င်းတို့၏ လက်အောက်ရှိဌာနများနှင့် အောက်အဆင့်ရှိ ပြည်သူ့အစိုးရအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုကို ညွှန်ကြားရမည့်အပြင် လက်အောက်ရှိဌာနများနှင့် အောက်အဆင့်ရှိ ပြည်သူ့အစိုးရအဖွဲ့များမှ ချမှတ်သည့် သင့်လျော်မှုမရှိသော ဆုံးဖြတ်ချက်များကို ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည့် အခွင့်အာဏာရှိသည်။[74]

ဒေသဆိုင်ရာ ပြည်သူ့အစိုးရအဖွဲ့အဆင့်ဆင့်သည် သက်ဆိုင်ရာပြည်သူ့ကွန်ဂရက်များ ကိုလည်းကောင်း၊ တစ်ဆင့်မြင့်စီမံခန့်ခွဲရေးအဖွဲ့များကိုလည်းကောင်း တာဝန်ခံရမည့်အပြင် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း အစီရင်ခံရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်ဆင့်သော ဒေသဆိုင်ရာ ပြည်သူ့အစိုးရအဖွဲ့များသည် နိုင်ငံတော်ကောင်စီ၏ တစ်ခုတည်းသော ဦးဆောင်မှုအောက်ရှိ နိုင်ငံတော်၏ စီမံခန့်ခွဲရေးအဖွဲ့များဖြစ်ပြီး နိုင်ငံတော်ကောင်စီ၏ လက်အောက်ခံအဖွဲ့များဖြစ်သည်။[75]

**(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့များ။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့များဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကောင်တီများ၏ ပြည်သူ့ကွန်ဂရက်များနှင့် ပြည်သူ့အစိုးရအဖွဲ့များဖြစ်သည်။[76] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီရင်စု သို့မဟုတ် ကောင်တီတို့ရှိ ပြည်သူ့ကွန်ဂရက်များတွင် ဒေသဆိုင်ရာ စီမံခန့်ခွဲရေးနယ်မြေအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို ကျင့်သုံးလျက်ရှိသော တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များအပြင် ထိုဒေသအတွင်း အခြေချနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များသည်လည်း သင့်လျော်သည့် အရေအတွက်အလိုက် ကိုယ်စားပြုခွင့်ရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီရင်စု သို့မဟုတ် ကောင်တီတို့ရှိ ပြည်သူ့ကွန်ဂရက်များ၏ အမြဲတမ်းကော်မတီတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီရင်စု သို့မဟုတ် ကောင်တီရှိ တိုင်းရင်းသားလူမျိုးစု နိုင်ငံသားများ၏ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သူများ ပါဝင်သည်။[77]

---

[73] အပိုဒ် ၁၀၇၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[74] အပိုဒ် ၁၀၈၊ ibid

[75] အပိုဒ် ၁၁၀၊ ibid

[76] အပိုဒ် ၁၁၂၊ ibid

[77] အပိုဒ် ၁၁၃၊ ibid

တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ပြည်သူ့ကွန်ဂရက်များသည် ယင်းဒေသအတွင်းရှိ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဒေသအလိုက် အထူးစည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းပိုင်ခွင့်အာဏာရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဒေသအလိုက်အထူးစည်းမျဉ်းစည်းကမ်းများကို အာဏာသက်ရောက်စေခြင်းမပြုမီ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အတည်ပြုချက်ရယူရန် တင်ပြရမည်။ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ကောင်တီများသည် ၎င်းတို့၏ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် အထူးစည်းမျဉ်းစည်းကမ်းများကို အာဏာမသက်ရောက်မီ ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသို့ အတည်ပြုချက်ရယူရန် တင်ပြရမည့်အပြင် မှတ်တမ်းအဖြစ် ထားရှိရန်အတွက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့လည်း အစီရင်ခံရမည်။[78]

တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်စီမံကိန်းများ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိသည်။[79] ထို့ပြင် သက်ဆိုင်ရာဒေသရှိ ပညာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ခန္ဓာကြံ့ခိုင်ရေးစသည့် အရေးအရာများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိပြီး တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို မျိုးနွယ်စုအလိုက် ထိန်းသိမ်းကာကွယ်ရေး၊ မျိုးနွယ်စုဆိုင်ရာ ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခမ်းနားထည်ဝါရေးအတွက် ဆောင်ရွက်ရန်လည်းတာဝန်ရှိသည်။[80] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ကာကွယ်ရေးစနစ်နှင့် ဒေသတွင်း မရှိမဖြစ်လိုအပ်ချက်များအရ အများပြည်သူ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဒေသဆိုင်ရာပြည်သူ့လုံခြုံရေးတပ်ဖွဲ့များကို နိုင်ငံတော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။[81]

---

[78] အပိုဒ် ၁၁၆၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[79] အပိုဒ် ၁၁၈၊ ibid

[80] အပိုဒ် ၁၁၉၊ ibid

[81] အပိုဒ် ၁၂၀၊ ibid

## ၃-၅။ ကြီးကြပ်ရေးကော်မရှင်များ

“ကြီးကြပ်ရေးကော်မရှင်များ” နှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်ကို ၂၀၁၈ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အဆင့်ဆင့်သော ကြီးကြပ်ရေး ကော်မရှင်များသည် နိုင်ငံတော်၏ ကြီးကြပ်ရေးအဖွဲ့များ ဖြစ်သည်။[82] ကြီးကြပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသည်။ ကြီးကြပ်ရေးကော်မရှင်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်း တာဝန်များနှင့် အခွင့်အာဏာများအား ဥပဒေပြဋ္ဌာန်းသတ်မှတ်သည်။[83]

ကြီးကြပ်ရေးကော်မရှင်များသည် ကြီးကြပ်မှုအာဏာကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံး ပြီး မည်သည့်စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ၊ အများပြည်သူဆိုင်ရာအဖွဲ့ အစည်းကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမပြုရပေ။ တာဝန်ထမ်းဆောင်သည် ကို အခွင့်ကောင်းယူ၍ ဥပဒေနှင့်မညီသော ပြုလုပ်မှု သို့မဟုတ် ပြစ်မှုကြောင်းဆိုင်ရာ ပြုလုပ်မှုများ နှင့်ဆိုင်သည့် အမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကြီးကြပ်ရေးအဖွဲ့များသည် တရားစီရင်ရေးဆိုင်ရာ အဖွဲ့များ၊ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့များနှင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သည့် အဖွဲ့များ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဌာနတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သည်။[84]

## ၃-၆။ တရားစီရင်ရေး

ပြည်သူ့တရားရုံးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သည်။[85] တရုတ်နိုင်ငံတွင် ပြည်သူ့တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော ဒေသတွင်း ပြည်သူ့ တရားရုံးများ၊ စစ်တရားရုံးများနှင့် အခြားသော အထူးပြည်သူ့တရားရုံးများကို ဖွဲ့စည်းထားသည်။ ပြည်သူ့တရားရုံးများဖွဲ့စည်းခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။[86] ပြည်သူ့ တရားလွှတ်တော်ချုပ် သည် အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်း ဖြစ်သည်။[87] ပြည်သူ့တရားရုံးများသည် တရား စီရင်ရေးအာဏာကို ဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးပြီး စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ

---

[82] အပိုဒ် ၁၂၃၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[83] အပိုဒ် ၁၂၄၊ ibid

[84] အပိုဒ် ၁၂၇၊ ibid

[85] အပိုဒ် ၁၂၈၊ ibid

[86] အပိုဒ် ၁၂၉၊ ibid

[87] အပိုဒ် ၁၃၂၊ ibid

ကဖြစ်စေ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမပြုရပေ။[88]

ပြည်သူ့တရားရုံးများသည် ဥပဒေဖြင့်သတ်မှတ်ထားသည့် အထူးကိစ္စရပ်များမှအပ အမှုများအားလုံး ကို အများပြည်သူရှေ့မှောက်တွင် ကြားနာစစ်ဆေးရမည်။ စွပ်စွဲခံရသူသည် ခုခံချေပခွင့်ရှိသည် ဟု ပြဋ္ဌာန်းထားသည်။[89]

## ၃-၇။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များ

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် ဥပဒေရေးရာကိစ္စရပ်နှင့် စပ်လျဉ်း၍ ကြီးကြပ်ရသော နိုင်ငံတော်၏အဖွဲ့အစည်းများဖြစ်သည်။[90] တရုတ်နိုင်ငံတွင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ချုပ် (Supreme People's Procuratorate) ကို ဖွဲ့စည်းထားပြီး ဒေသဆိုင်ရာ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့အဆင့်ဆင့်၊ စစ်ဘက်ဆိုင်ရာပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များနှင့် အခြားအထူးပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့များကို ဖွဲ့စည်းထားသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များ၏ ဖွဲ့စည်းပုံအား ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။[91] ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ချုပ်သည် ပြည်သူ့ဥပဒေ အကျိုးဆောင်ဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး[92] အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ တာဝန်ခံရမည်ဖြစ်သည်။[93]

တိုင်းရင်းသားလူမျိုးစုနိုင်ငံသားများသည် တရားရုံးတွင် တရားရင်ဆိုင်ဖြေရှင်းရာ၌ ၎င်းတို့၏ ကိုယ်ပိုင်တိုင်းရင်းသား ဘာသာစကားနှင့် စာပေများကို ပြောဆိုသုံးနှုန်းခွင့် အခွင့်အရေးရှိသည်။ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် တရားရုံးတွင် တရားရင်ဆိုင်ရာ၌ သက်ဆိုင်ရာဒေသရှိ အများသုံးဘာသာစကားများကို ကောင်းမွန်စွာ ပြောဆိုရေးသားနိုင်ခြင်းမရှိသော အမှုသည်များအား ဘာသာပြန်ဆိုပေးရမည်ဖြစ်သည်။[94]

ပြည်သူ့တရားရုံးများ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များသည် ပြစ်မှုဆိုင်ရာအမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် မှန်ကန်ထိရောက်သည့် ဥပဒေ၏ အာဏာသက်

---

[88] အပိုဒ် ၁၃၁၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[89] အပိုဒ် ၁၃၀၊ ibid

[90] အပိုဒ် ၁၃၄၊ ibid

[91] အပိုဒ် ၁၃၅၊ ibid

[92] အပိုဒ် ၁၃၇၊ ibid

[93] အပိုဒ် ၁၃၈၊ ibid

[94] အပိုဒ် ၁၃၉၊ ibid

ရောက်မှုကို အာမခံချက်ပေးရန်အတွက် ၎င်းတို့အသီးသီးနှင့်သက်ဆိုင်သော လုပ်ငန်းတာဝန်များကို ခွဲခြားထားခြင်း၊ မိမိနှင့်သက်ဆိုင်သည့် လုပ်ငန်းအတွက် ကိုယ်တိုင်တာဝန်ယူခြင်းအပြင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အချင်းချင်းအပြန်အလှန်ကြပ်မတ် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သည်။[95]

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် ဥပဒေကျင့်သုံးရာတွင် တန်းတူညီတူ ကျင့်သုံးရမည်ဖြစ်ပြီး၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဥပဒေထက်ကျော်လွန်၍ အခွင့်ထူးများရရှိရန် ခွင့်မပြုဘဲ မည်သည့်ပုံစံဖြင့်မဆို ခွဲခြားဆက်ဆံခြင်းကို တားမြစ်သည်။[96] ထို့ပြင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် တရားစီရင်ရေးဆိုင်ရာ တရားမျှတမှုကို ထိန်းသိမ်းကာ တရားဝင်သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကိုလိုက်နာ၍ လူ့အခွင့်အရေးများကို လေးစားကာကွယ်သည့် အဖွဲ့အစည်းဖြစ်သည်။[97]

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် အောက်ဖော်ပြပါ အခွင့်အာဏာကို ကျင့်သုံးသည်-

(၁) ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် ရာဇဝတ်မှုများတွင် စုံစမ်းစစ်ဆေးရေးအာဏာကို ကျင့်သုံးခြင်း၊

(၂) ရာဇဝတ်မှုခင်းများကို ပြန်လည်သုံးသပ်ခြင်း၊ ရာဇဝတ်မှုဖြင့် သံသယရှိသူများအား ဖမ်းဆီးရန် ဆုံးဖြတ်ခြင်း သို့မဟုတ် အတည်ပြုခြင်း၊

(၃) ရာဇဝတ်မှုခင်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစွဲဆိုမှုများကို စတင်ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊ နှင့် စွဲချက်တင်ရန် ဆုံးဖြတ်သောအမှုများတွင် အထောက်အကူပေးခြင်း၊

(၄) ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူအကျိုးစီးပွားအတွက် တရားစွဲခြင်းကို အစပြု ဆောင်ရွက်ခြင်း၊

(၅) တရားစွဲဆိုခြင်းဆိုင်ရာဆောင်ရွက်မှုတွင် ဥပဒေရေးရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(၆) စီရင်ချက်များ၊ စီရင်ထုံးများနှင့် အခြားအကျိုးသက်ရောက်မှုရှိသော ဥပဒေဆိုင်ရာ စာရွက်စာတမ်းများ၏ အာဏာသက်ရောက်မှုကို ဥပဒေဆိုင်ရာကြီးကြပ်ကွပ်ကဲခြင်း၊

---

[95] အပိုဒ် ၁၄၀၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[96] Article 5, Organic Law of the People's Procuratorate of the People Republic of China, 2018

[97] Article 6, ibid

(၇) အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာကြီးကြပ်ကွပ်ကဲခြင်း၊

(၈) ဥပဒေဖြင့်ပြဋ္ဌာန်းထားသော အခြားလုပ်ငန်းများ။[98]

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် ပြည်သူ့ဥပဒေအကျိုးဆောင်များ၏ အခွင့်အာဏာများကို ဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးပြီး စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့များကဖြစ်စေ၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်း မပြုရပေ။[99]

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် အခွင့်အာဏာများကိုကျင့်သုံး၍ ရာဇဝတ်မှုများတွင် တရားစွဲဆိုခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ တရားဝင်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားများနှင့် အများပြည်သူအကျိုးစီးပွားများကို ထိန်းသိမ်းခြင်း၊ ဥပဒေများကို မှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ခိုင်မာစေခြင်း၊ လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် တရားစီရင်ရေးကိုထိန်းသိမ်းခြင်း၊ နိုင်ငံတော်ရှိဥပဒေများ၏ ညီညွတ်ရေး၊ ဂုဏ်သိက္ခာနှင့် အာဏာသက်ရောက်ခြင်းတို့ကို ထိန်းသိမ်းကာ တရုတ်ဝိသေသလက္ခဏာများဖြင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရာတွင် အဆင်ပြေချောမွေ့မှုကို အာမခံသည်။[100]

ဥပဒေရေးရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲသည့် အခွင့်အာဏာသည် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့များကသာ သီးသန့်ကျင့်သုံးသော နိုင်ငံတော်အာဏာဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက ထိုအခွင့်အာဏာကို ကျင့်သုံးပိုင်ခွင့် မရှိပေ။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် အပ်နှင်းထားသည့် အခွင့်အာဏာကို ၎င်းတို့၏အလုပ်တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုရမည်ဖြစ်ပြီး ထိုအခွင့်အာဏာကိုအလွဲအသုံးပြု၍မရပေ။ ထို့ကြောင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များသည် အခွင့်အာဏာကျင့်သုံးရာတွင် မျှတစွာနှင့် ထိရောက်စွာ ကျင့်သုံးခြင်းသည်သာလျှင် အဓိကအချက် ဖြစ်သည်။[101]

---

[98] Article 20, Organic Law of the People's Procuratorate of the People Republic of China, 2018
[99] အပိုဒ် ၁၃၆၊ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
[100] Article 2, Organic Law of the People's Procuratorate of the People Republic of China, 2018
[101] The Position and Role of Chinese Procuratorial Organs in Criminal Justice, Guan Fujin, Deputy Director of Department, General Bureau of Anti-Corruption and Bribery, Supreme People's Procuratorate, China.

## ၃-၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆၄ နှင့်အညီ ဆောင်ရွက်သည်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပထမအကြိမ်ပြင်ဆင်ခြင်းကို ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်ခြင်းကို ၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်ခြင်းကို ၁၉၉၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ပြင်ဆင်ခြင်းကို ၂၀၀၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ပဥ္စမအကြိမ် ပြင်ဆင်ခြင်းကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင်ကျင်းပသည့် ၇ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေး၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမအကြိမ်ပြင်ဆင်ခဲ့သည်။ ထိုပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၀ နှင့် အပိုဒ် ၁၁ တို့ကို ပြင်ဆင်ခြင်းဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ တရားဝင်အခြေအနေကိုအတည်ပြုပြီး မြေအသုံးချမှု အခွင့်အရေးများကို လွှဲပြောင်းခွင့်ပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များသည် ၁၉၇၈ ခုနှစ် ကတည်းက ပြောင်းလဲလာခဲ့သော တရုတ်နိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များဖြစ်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသော ပုဂ္ဂလိကစီးပွားရေးတည်ရှိမှုကို တရားဝင်ဖြစ်စေရေး၊ စီးပွားဖြစ်မြေယာအသုံးပြုခွင့် လွှဲပြောင်းရေးနှင့် နောက်ထပ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လိုအပ်ချက်များကို ပံ့ပိုးပေးထားသည်။

၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသည့် ၈ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်း အဝေး၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ်ပြင်ဆင်ခြင်းကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို ပြင်ဆင်ချက်သည် ၁၉၉၂ ခုနှစ်၊ ၁၄ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ကွန်မြူနစ်ပါတီက "ဆိုရှယ်လစ် ဈေးကွက်စီးပွားရေး" ဟူသော အယူအဆကို လက်ခံကျင့်သုံးပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုပြင်ဆင်ချက်များမှာ နိဒါန်းပိုင်း၏ စာပိုဒ် ၇၊ စာပိုဒ် ၁၀ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၄၂၊ အပိုဒ် ၉၈ တို့ဖြစ်သည်။ ဖော်ပြပါပြင်ဆင်ချက်များတွင် တရုတ်နိုင်ငံသည် စီမံကိန်းစီးပွားရေး (planned economy) အစား "ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်" (socialist market economy) ကို ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၁၉၉၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ကျင်းပသည့် ၉ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေး၌ ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယအကြိမ်ပြင်ဆင်ခြင်းကို အတည်ပြုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းပိုင်း၏ စာပိုဒ် ၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၁၁၊ အပိုဒ် ၂၈ တို့ကို ပြင်ဆင်ခြင်းနှင့် အပိုဒ် ၅ တွင် ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်များတွင် တိန့်ရှောင်ဖိန်သီအိုရီကို လမ်းညွှန်အဖြစ် ပြဋ္ဌာန်းထားရှိပြီး တရားဥပဒေစိုးမိုးရေးကို အမျိုးသားရေးမူဝါဒအဖြစ် သတ်မှတ်ကြေညာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထအကြိမ်ပြင်ဆင်ခြင်းကို ၂၀၀၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပသည့် ၁၀ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေး၌ ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းပိုင်း စာပိုဒ် ၇၊ စာပိုဒ် ၁၀ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၃၃၊ အပိုဒ် ၅၉၊ အပိုဒ် ၆၇၊ အပိုဒ် ၈၀၊ အပိုဒ် ၈၁၊ အပိုဒ် ၈၉၊ အပိုဒ် ၉၈ နှင့် အပိုဒ် ၁၃၆ တို့ကို ပြင်ဆင်ခဲ့သည့်အပြင် အခန်း ၄ ခေါင်းစဉ်ကို နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော် အစား "နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ်နှင့် မြို့တော်" ဟု ပြင်ဆင်ခဲ့သည်။ အပိုဒ် ၃၃ ကို ပြင်ဆင်ရာတွင် "နိုင်ငံတော်သည် လူ့အခွင့်အရေးကိုလေးစား၍ ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ရာ တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပဓာနကျသည့် မူသဘောတရားတစ်ရပ် ဖြစ်လာခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ၁၃ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပဉ္စမအကြိမ် ပြင်ဆင်ခြင်းကို ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းပိုင်းတွင် စာပိုဒ် ၇၊ စာပိုဒ် ၁၀၊ စာပိုဒ် ၁၁၊ စာပိုဒ် ၁၂ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၂၄၊ အပိုဒ် ၂၇၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၅၊ အပိုဒ် ၆၇၊ အပိုဒ် ၇၀၊ အပိုဒ် ၇၉၊ အပိုဒ် ၈၉၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄၊ အပိုဒ် ၁၀၇ တို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် အခန်း ၃၊ အပိုင်း ၇ (ကြီးကြပ်ရေးကော်မရှင်များ) ကို ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းတို့ဖြစ်သည်။ ထိုပြင်ဆင်ချက်များတွင် ထင်ရှားသော ပြင်ဆင်ချက်များမှာ အပိုဒ် ၇၉ တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် တစ်ဆက်တစ်စပ်တည်း ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်ပေ ဟူသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။[102]

[102] တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်၊ စာ-၂၁-၂၃

## ၄။ သုံးသပ်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီကို ဆိုရှယ်လစ်ဥပဒေစနစ်အခြေခံ၍ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ဆိုရှယ်လစ်စနစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အခြေခံစနစ်ဖြစ်ပြီး တရုတ်ဝိသေသလက္ခဏာများဖြင့် ဆိုရှယ်လစ်စနစ်ဖော်ဆောင်ထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁ တွင် အထင်အရှား တွေ့မြင်နိုင်သည်။ နိုင်ငံတော်အာဏာကို ပြည်သူများမှတစ်ဆင့် အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် အဆင့်ဆင့်ရှိဒေသဆိုင်ရာ ပြည်သူ့ကွန်ဂရက်များက ကျင့်သုံးခြင်းဖြစ်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ အရ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများသည် ဒီမိုကရေစီကို အခြေခံသော ဗဟိုကချုပ်ကိုင်သည့် အခြေခံမူကို ကျင့်သုံးကြောင်း ဖော်ပြထားရာ အပိုဒ် ၁ ပါ "တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအခန်းကဏ္ဍသည် တရုတ်ဝိသေသလက္ခဏာဆောင်သော ဆိုရှယ်လစ်စနစ်၏ သဘောသဘာဝကို ရုပ်လုံးဖော်ဆောင်ထားခြင်း" ဖြစ်၍ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် ပြည်သူကို ကိုယ်စားပြုသောစနစ်ကို ဖော်ဆောင်သည်ဟု သုံးသပ်ရရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တရုတ်လူမျိုးတိုင်းရင်းသားပေါင်းစုံဖြင့် စုပေါင်းတည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူနည်းစုများ၏ ဥပဒေအရ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးပြီး တိုင်းရင်းသား လူမျိုးများအကြား လိုက်လျောညီထွေဖြစ်စေခြင်း၊ အပြန်အလှန်ထောက်ပံ့ပေးခြင်း၊ စည်းလုံးခြင်း၊ တန်းတူညီမျှရှိခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားကြောင်း လေ့လာတွေ့ရှိရသည်။ မည်သည့်တိုင်းရင်းသား လူမျိုးစုကိုမဆို ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ဆက်ဆံခြင်းကို တားမြစ်ထားပြီး တိုင်းရင်းသားလူနည်းစုများ၏ လိုအပ်ချက်နှင့် ၎င်းတို့၏ဝိသေသလက္ခဏာများကို ထည့်သွင်းစဉ်းစားပြီး လိုအပ်ချက်များကို ထောက်ပံ့ကူညီပေးကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာနယ်မြေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ကြသော်လည်း ယင်းဒေသအားလုံးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပိုင်းခြား၍မရသော အစိတ်အပိုင်းများဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄ တွင် ပြဋ္ဌာန်းထားသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် စုစည်းတည်ထောင်ထားသော တစ်ပြည်ထောင်နိုင်ငံ (a unitary multi-national state) ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းတွင် ဖော်ပြချက်အရ ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါသော နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အမိမြေပြန်လည် ပေါင်းစည်းရေးသည် ထိုင်ဝမ်ရှိ တရုတ်လူမျိုးများအပါအဝင် တရုတ်ပြည်သူများအားလုံးက အလေးထားရမည့် တာဝန်တစ်ခု ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် တိန့်ရှောင်ဖိန် သည် "ထိုင်ဝမ်သည် အမိမြေကို လက်ခံယုံကြည်နေသရွေ့ ကျွန်ုပ်တို့သည် ပကတိအခြေအနေနှင့် ရှိရင်းစွဲစနစ်အား လေးစားမည်" ဟု ပြောကြားခဲ့ခြင်းသည် "one country, two systems" မူသဘောတရား၏ မူလအစဖြစ်ပြီး ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါမူသဘောတရားကို ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။[103] ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၁ တွင် "နိုင်ငံတော်သည် လိုအပ်သည့်အခါ အထူးအုပ်ချုပ်ခွင့်ရဒေသများကို ဖွဲ့စည်းတည်ထောင်နိုင်သည်။ သီးခြားအခြေအနေများအရ အထူးအုပ်ချုပ်ခွင့်ရဒေသတွင် အဖွဲ့အစည်းများ ဖွဲ့စည်းသည့်စနစ်များကို အမျိုးသားပြည်သူ့ကွန်ဂရက်က ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။" ဟု အထူးအုပ်ချုပ်ခွင့်ရဒေသ ထူထောင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထည့်သွင်းခဲ့ပြီး "one country, two systems" အတွက် ဥပဒေအခြေခံကို ဖော်ဆောင်ထားကြောင်း လေ့လာတွေ့ရှိရသည်။

**One country, two systems။** ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၁ ပါ ပြဋ္ဌာန်းချက်နှင့် "one country, two systems" မူသဘောတို့နှင့်အညီ ဟောင်ကောင်ကျွန်းနှင့် မကာအိုကျွန်းတို့ကို အထူးအုပ်ချုပ်ခွင့်ရဒေသများအဖြစ် သတ်မှတ်ကာ "ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ" နှင့် "မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ" ဟူ၍ ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရသည်။

**ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ။** အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး၊ ဟောင်ကောင်၏ ချမ်းသာကြွယ်ဝရေး၊ တည်ငြိမ်ရေးတို့ကို ပံ့ပိုး၍ ဟောင်ကောင်၏ သမိုင်းကြောင်းနှင့် ပကတိအခြေအနေတို့အား ထည့်သွင်းစဉ်းစားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဟောင်ကောင်အပေါ် အချုပ်အခြာအာဏာကျင့်သုံးမှုကို ပြန်လည်စတင်ရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ (ဟောင်ကောင်အထူးဒေသ) ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၁ နှင့် "one country, two systems" မူသဘောတို့နှင့်အညီ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဆိုရှယ်လစ်စနစ်နှင့် မူဝါဒများကို ဟောင်ကောင်တွင် ကျင့်သုံးလိမ့်မည် မဟုတ်ကြောင်း "ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏အခြေခံဥပဒေ"[104] တွင် ဖော်ပြ

[103] Ministry of Foreign Affairs of the People's Republic of China,
https://www.fmprc.gov.cn/eng/ziliao_665539/3602_665543/3604_665547/200011/t20001117_697847.html

[104] The Basic Law of the Hong Kong Special Administrative Region of the People's Republic of China

ထားသည်။[105] ဟောင်ကောင်၏ အခြေခံဥပဒေ အပိုဒ် ၅ အရ ဆိုရှယ်လစ်စနစ်နှင့် မူဝါဒများကို ဟောင်ကောင်တွင် ကျင့်သုံးခြင်းမပြုဘဲ ယခင်ကျင့်သုံးလျက်ရှိသည့် အရင်းရှင်စနစ်နှင့် ဘဝနေထိုင်မှု ပုံစံတို့သည် နှစ် ၅၀ တိုင်တိုင် မပြောင်းလဲဘဲ ရှိနေမည်ဖြစ်သည်။[106]

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသနှင့် စပ်လျဉ်းသည့် နိုင်ငံခြားရေး[107] နှင့် ကာကွယ်ရေး[108] ကိစ္စရပ်များကို ဗဟိုအစိုးရက တာဝန်ယူဆောင်ရွက်သည်။ ဟောင်ကောင်အထူးဒေသကို အုပ်ချုပ်ရေး အာဏာအပ်နှင်းထားပြီး ၁၉၉၇ ခုနှစ် အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ၎င်းကိုယ်တိုင် ဆောင်ရွက်သည်။[109] ထိုနည်းတူ ဥပဒေပြုရေးအာဏာကို ဟောင်ကောင်အထူးဒေသသို့ အပ်နှင်းထားပြီး ၎င်း၏ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများကို မှတ်တမ်းထားရှိရန်အတွက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ ထိုကဲ့သို့ မှတ်တမ်းထားရှိရန်အတွက် အစီရင်ခံတင်ပြခြင်းသည် အဆိုပါဥပဒေများ၏ အာဏာသက်ရောက်မှုကို ထိခိုက်စေမည် မဟုတ်ကြောင်း ၁၉၉၇ ခုနှစ် အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။[110] ဟောင်ကောင်အထူးဒေသ၏ တရားစီရင်ရေးကဏ္ဍတွင် အပြီးသတ်စီရင်ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် လွတ်လပ်သော တရားစီရင်ရေးအာဏာကို အပ်နှင်းထားသည်။ သို့ရာတွင် ဟောင်ကောင် အထူးဒေသရှိ တရားရုံးများသည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကိစ္စရပ်များတွင် နိုင်ငံတော်၏ ဆောင်ရွက်ချက်များအပေါ် စီရင်ပိုင်ခွင့်အာဏာမရှိပေ။[111] ၁၉၉၇ ခုနှစ် အခြေခံဥပဒေအရ ဟောင်ကောင် အထူးဒေသသည် အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီ သို့မဟုတ် ဗဟိုအစိုးရက ခွင့်ပြုသည့် အခြားအာဏာများကိုလည်း ကျင့်သုံးနိုင်သည်။[112]

**မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ။** အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး တို့ကို ကာကွယ်စောင့်ရှောက်ပြီး၊ မကာအို၏ ချမ်းသာကြွယ်ဝရေး၊ တည်ငြိမ်ရေးတို့ကို မြှင့်တင်၍ မကာအို၏ အတိတ်ကာနှင့် ပကတိအခြေအနေတို့အား ထည့်သွင်းစဉ်းစားကာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် မကာအိုအပေါ် အချုပ်အခြာအာဏာကျင့်သုံးမှုကို ပြန်လည်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်

---

[105] နိဒါန်း၊ ၁၉၉၇ ခုနှစ် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏အခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

[106] အပိုဒ် ၅၊ ibid

[107] အပိုဒ် ၁၃၊ ibid

[108] အပိုဒ် ၁၄၊ ibid

[109] အပိုဒ် ၁၆၊ ibid

[110] အပိုဒ် ၁၇၊ ibid

[111] အပိုဒ် ၁၉၊ ibid

[112] အပိုဒ် ၂၀၊ ibid

ချမှတ်ခြင်းဖြင့် မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ (မကာအိုအထူးဒေသ) ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၁ နှင့် “one country, two systems” မူသဘောတို့နှင့်အညီ တည်ထောင်ခဲ့ခြင်းဖြစ်သည်။[113] မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသနှင့် စပ်လျဉ်းသည့် နိုင်ငံခြားရေး[114] နှင့် ကာကွယ်ရေး[115] ကိစ္စရပ်များကို ဗဟိုအစိုးရက တာဝန်ယူဆောင်ရွက်သည်။ မကာအိုအထူးဒေသကို အုပ်ချုပ်ရေးအာဏာ အပ်နှင်းထားပြီး ၁၉၉၃ ခုနှစ် အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ၎င်းကိုယ်တိုင် ဆောင်ရွက်သည်။[116] ဥပဒေပြုရေးအာဏာကို မကာအိုအထူးဒေသသို့အပ်နှင်းထားပြီး ၎င်း၏ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့်ဥပဒေများကို မှတ်တမ်းထားရှိရန်အတွက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ ထိုကဲ့သို့ မှတ်တမ်းထားရှိရန်အတွက် အစီရင်ခံတင်ပြခြင်းသည် အဆိုပါဥပဒေများ၏ အာဏာသက်ရောက်မှုကို ထိခိုက်စေမည်မဟုတ်ပေ။[117] မကာအိုအထူးဒေသ၏ တရားစီရင်ရေးကဏ္ဍတွင် အပြီးသတ်စီရင်ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် လွတ်လပ်သော တရားစီရင်ရေးအာဏာကို အပ်နှင်းထားသည်။ သို့ရာတွင် မကာအိုအထူးဒေသရှိ တရားရုံးများသည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ကိစ္စရပ်များတွင် နိုင်ငံတော်၏ ဆောင်ရွက်ချက်များအပေါ် စီရင်ပိုင်ခွင့်အာဏာမရှိပေ။[118] ၁၉၉၉ ခုနှစ် အခြေခံဥပဒေအရ မကာအိုအထူးဒေသသည် အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီ သို့မဟုတ် ဗဟိုအစိုးရက ခွင့်ပြုသည့် အခြားအာဏာများကိုလည်း ကျင့်သုံးနိုင်သည်။[119]

ထိုင်ဝမ်ကို ထင်ထင်ရှားရှားသီးခြားရပ်တည်နေသော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အချို့နိုင်ငံများက အသိအမှတ်ပြုထားသော်လည်း ထိုင်ဝမ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်ပေ။ ၂၀၂၄ ခုနှစ် စာရင်းအရ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၁ နိုင်ငံက ထိုင်ဝမ်နှင့် တရားဝင် သံတမန်ဆက်သွယ်မှု ပြုလုပ်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံ ၅၉ နိုင်ငံက တရားဝင်မဟုတ်သော သံတမန်ဆက်သွယ်မှုနည်းလမ်းပြုလုပ်၍ ဆက်ဆံလျက်ရှိကြောင်း တွေ့ရှိရသည်။[120] တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် “ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါသော နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုင်ဝမ်ရှိ တရုတ်လူမျိုးများအပါအဝင် တရုတ်

---

113 နိဒါန်း၊ ၁၉၉၉ ခုနှစ် မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ၏အခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

114 အပိုဒ် ၁၃၊ ibid

115 အပိုဒ် ၁၄၊ ibid

116 အပိုဒ် ၁၆၊ ibid

117 အပိုဒ် ၁၇၊ ibid

118 အပိုဒ် ၁၉၊ ibid

119 အပိုဒ် ၂၀၊ ibid

120 https://en.wikipedia.org/wiki/Foreign_relations_of_Taiwan

ပြည်သူများအားလုံးက အလေးထားရမည့် တာဝန်တစ်ခုသည် အမိမြေပြန်လည် ပေါင်းစည်းရေး ဖြစ်သည်။”ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသဖြင့် နိဒါန်းတွင်ဖော်ပြထားသော ရည်ရွယ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထိုင်ဝမ်ကို ပေါင်းစည်း၍ “one country, two systems” အကောင်အထည်ဖော်မှုအောက်တွင် ထိုင်ဝမ်ကို ထည့်သွင်းဆောင်ရွက်ရန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အန္တိမရည်ရွယ်ချက်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဥပဒေများ၊ စီမံခန့်ခွဲရေးဆိုင်ရာ စည်းမျဉ်းဥပဒေများ သို့မဟုတ် ဒေသဆိုင်ရာစည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိစေသည့်အပြင် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ် အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေကို ကျော်လွန်၍ အခွင့်ထူးခံစားခွင့်မရှိသဖြင့် ဥပဒေနှင့်အညီ အာဏာကိုကျင့်သုံးဆောင်ရွက်ပြီး ဆိုရှယ်လစ်ဥပဒေစနစ်၏ စည်းလုံးညီညွတ်မှုနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ပြီး တရားဥပဒေစိုးမိုးရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်သည့်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရသည်။

အမြင့်ဆုံးတရားရုံးဖြစ်သည့် ပြည်သူ့တရားလွှတ်တော်ချုပ်၏ ဥက္ကဋ္ဌကို အမျိုးသားပြည်သူ့ကွန်ဂရက်က ရွေးချယ်ခန့်အပ်ပြီး ကျန်တရားသူကြီးများကို အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက ခန့်အပ်သည်။ ပြည်သူ့တရားလွှတ်တော်ချုပ်သည် အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် ၎င်း၏ အမြဲတမ်းကော်မတီကို တာဝန်ခံရသည်။ ဒေသဆိုင်ရာ ပြည်သူ့တရားရုံးများအဆင့်ဆင့်သည် သက်ဆိုင်ရာ ပြည်သူ့ကွန်ဂရက်များနှင့် အမြဲတမ်းကော်မတီများကို တာဝန်ခံရသည်။ ပြည်သူ့တရားရုံးများသည် ဥပဒေဖြင့် သတ်မှတ်ထားသည့် အထူးကိစ္စရပ်များမှအပ အမှုများအားလုံးကို အများပြည်သူရှေ့မှောက်တွင် ကြားနာစစ်ဆေးသည်။ တရားစီရင်ရေးကဏ္ဍ၏ ထူးခြားသောအချက်မှာ တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း အခွင့်အာဏာကို အပ်နှင်းထားခြင်းမရှိပေ။ အဆိုပါ အခွင့်အာဏာကို အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အပ်နှင်းထားသည်ကို လေ့လာတွေ့ရှိရသည်။ နိုင်ငံတစ်ဝှမ်းရှိ ဥပဒေရေးရာကိစ္စရပ်နှင့် စပ်လျဉ်း၍ ကြီးကြပ်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များကို ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးစနစ်သည် ပြည်သူတစ်ရပ်လုံးက ပိုင်ဆိုင်ခြင်းနှင့် လုပ်သားပြည်သူများက စုပေါင်းပိုင်ဆိုင်ခြင်းဖြစ်သည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံကာ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ “နိုင်ငံတော်၏ အဖွဲ့အစည်းများနှင့် နိုင်ငံ့လုပ်သားများသည် ပြည်သူနှင့်နီးကပ်စွာတည်ရှိခြင်း၊ ပြည်သူများ၏ ထင်မြင်ယူဆချက်နှင့် အကြံပြု

ချက်များကို အလေးဂရုပြုခြင်း၊ လက်ခံခြင်းနှင့် ပြည်သူများကို ဝန်ဆောင်မှုပေးရန် အစွမ်းကုန် ဆောင်ရွက်ရမည်။ နိုင်ငံ့လုပ်သားများသည် လုပ်ငန်းဝင်ရောက်သည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည် ဟု ကတိပြုရမည်။" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၇ တွင် ဖော်ပြပါရှိသဖြင့် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အတွက် အလေးထားဆောင်ရွက်ကြောင်း သုံးသပ် ရရှိသည်။

**နိဂုံး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှတိုက်တွင် ဧရိယာအကြီးဆုံးနိုင်ငံဖြစ်ပြီး ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများနှင့် အထူးအုပ်ချုပ်ရေးဒေသတို့ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ရှေးခေတ်တရုတ်နိုင်ငံ၏ ပထမဆုံးမင်းဆက်ဖြစ်သည့် ရှ မင်းဆက် အုပ်ချုပ်သောကာလမှစ၍ ယခုမျက်မှောက်ခေတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ချိန်ကာလ အထိ ကြိုးပမ်းမှုသမိုင်းကို လေ့လာရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းခံဘုရင်စနစ်မှ အမျိုးသားပြန်လည် တည်ဆောက်ရေး၏ ပြောင်းလဲတိုးတက်မှုအဆင့်သုံးဆင့်ဖြင့် ဒီမိုကရေစီကို ဆိုရှယ်လစ်ဥပဒေစနစ်အခြေခံ၍ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံတွင် လူမျိုးစုပေါင်း ၅၆ စု နေထိုင်လျက်ရှိပြီး တိုင်းရင်းသားပေါင်းစုံဖြင့် တစ်ပြည် ထောင်နိုင်ငံအဖြစ် ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူနည်းစုများအပါအဝင် တိုင်းရင်းသားများ၏ အခွင့် အရေးနှင့် လွတ်လပ်ခွင့်များ၏ တန်းတူညီမျှမှုကို အာမခံပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်များဖြစ်သည့် စီမံခန့်ခွဲရေး၊ ကြီးကြပ်ရေး၊ တရားစီရင်ရေးနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့များကို ဖွဲ့စည်းထားပြီး ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များအကြား လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များခွဲဝေခြင်းသည် ဗဟိုအာဏာပိုင် များ၏ စုပေါင်းဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာအာဏာပိုင်များ၏ ကနဦးအစပြုခြင်းနှင့် စိတ်အား ထက်သန်စွာ ဆောင်ရွက်စေသည့် အခြေခံမူဖြင့် လမ်းညွှန်ထားသည်ကို လေ့လာတွေ့ရှိရသည်။

# ကျမ်းကိုးစာရင်း


၁။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂။ ၁၉၉၇ ခုနှစ် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏အခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၃။ ၁၉၉၉ ခုနှစ် မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ၏အခြေခံဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၄။ Organic Law of the People's Procuratorate of the People Republic of China, 2018

၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်၊ သုတေသနအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၃ ခုနှစ်

၆။ The Position and Role of Chinese Procuratorial Organs in Criminal Justice, Guan Fujin, Deputy Director of Department, General Bureau of Anti-Corruption and Bribery, Supreme People's Procuratorate, China.

၇။ https://history.state.gov/milestones/1945-1952/chinese-rev

၈။ https://mifer.gov.mm/mm/bilateral/details/myanmar-china-bilateral-cooperation

၉။ https://www.investopedia.com/articles/investing/091515/3-industries-driving-chinas-economy.asp

၁၀။ https://cleartax.in/s/world-gdp-ranking-list

၁၁။ https://worldpopulationreview.com/country-rankings/largest-countries-in-asia

၁၂။ http://www.myanmar-embassy-tokyo.net/about.htm

၁၃။ https://www.britannica.com/place/China

၁၄။ https://en.wikipedia.org/wiki/List_of_ethnic_groups_in_China

၁၅။ https://www.worldometers.info/world-population/population-by-country/

၁၆။ https://www.advantour.com/china/history.htm

၁၇။ https://www.chinahighlights.com/travelguide/culture/china-history.htm

၁၈။ https://kids.nationalgeographic.com/geography/countries/article/china

၁၉။ https://www.wikiwand.com/en/Principles_of_the_Constitution_(1908)

၂၀။ https://link.springer.com/content/pdf/bbm:978-94-015-1011-0/1.pdf

၂၁။ https://www.cksmh.gov.tw/en/cp.aspx?n=6477

၂၂။ Wikipedia: Dang Gno Article- Origin- Dang Gno was short for Yi Dang Guo, which Literally means “using the political party to ran the State” by Sun Yet San. And political tutelage two of the three phases of the Fundamentals of National Constitution.

၂၃။ Ministry of Foreign Affairs of the People’s Republic of China, https://www.fmprc.gov.cn/eng/ziliao_665539/3602_665543/3604_665547/200011/t20001117_697847.html

၂၄။ https://en.wikipedia.org/wiki/Foreign_relations_of_Taiwan